# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၀)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၁၉-၃-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့်ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်

### (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ
တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား

ယနေ့ ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါ သည်။

စာမျက်နှာ ၃ သို့ ☆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၁၈

၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း) ၌ ကျင်းပသည့် စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်း ရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ် နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၈

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဧလ**

၂၀၂၅ ခုနှစ် ၊ မတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ အထောက်အကူပြုစေမည်

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးကနဦးမ,တည်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာအပါအဝင် တောင်သူလိုအပ်ချက် ဖြည့်ဆည်းပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မတ် ၁၇ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စဝေးဆောင်ခန်းမ၌ ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သတ္တမအသုတ်စီမံကိန်းများစတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

တောင်သူလိုအပ်ချက်များဆောင်ရွက်ရာတွင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို ၂၀၁၇ ခုနှစ်မှ ယနေ့အချိန်အထိ စီမံကိန်း (၃၉)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သတ္တမအသုတ်စီမံကိန်းများ အကောင်အထည်ဖော်ခွင့်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ကြမည့် သက်ဆိုင်ရာဌာနတာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း စီမံကိန်း၏ရည်ရွယ်ချက်များအတိုင်း အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr.Zhang Zhonghua က ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်တို့က စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် သတ္တမအသုတ်စီမံကိန်းများတွင် ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီနှင့် ဂေါ်ဖီထုပ်စသည့် စားဖိုဆောင်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များ၏ ရိတ်သိမ်းပြီးနောက်ပိုင်းနှင့် စီးပွားရေးဆန်းစစ်လေ့လာခြင်းစီမံကိန်း၊ တိရစ္ဆာန်ရောဂါ စောင့်ကြည့်စစ်ဆေးရေးဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးစီမံကိန်း၊ နေပြည်တော်ရှိ ကျေးရွာများသို့ ကွင်းဆင်း၍ နွားများ၏သားအောင်နှုန်းတိုးတက်လာစေရန် လိုအပ်သည်များကို စီမံဆောင်ရွက်ခြင်းဖြင့် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်း၊ မွေးမြူသူများ၏ အရည်အသွေးမြှင့်တင်ပေးရန်အတွက် မွေးမြူရေးသင်တန်းကျောင်း တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မတ် ၁၈**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅)မြို့သစ်၊ (က)ရပ်ကွက်လုံးဆိုင်ရာ ဖောင်တော်ဦးဖောင်တော်ပံ့ဘုရားနှစ်ဆူ မင်္ဂလာညွှန့်မဗ္ဗာရုံတွင် ယနေ့နံနက် ၉ နာရီက ဂေါပကအဖွဲ့မှဦးဆောင်၍ ဆရာမကြီး ဒေါ်သဲသဲသိန်းဦးစီးတည်ထောင်သော သုမဇ္ဈဘူမိအသင်း၏ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပသည်။ **(အပေါ်ယာပုံ)**

သင်တန်းဆင်းပွဲသို့ မူလဆီးဘန်နီကျောင်းတိုက်မှ နမ္မတူကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတ၊ စာချဆရာတော် ဦးဩဘာသတို့ ကြွရောက်တော်မူကြပြီး မင်္ဂလာညွှန့်မဗ္ဗာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့နာယက၊ သမားတော်ကြီး ဦးသန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ သုမဇ္ဈဘူမိအသင်းကြီးဦးစီးတည်ထောင်သော သင်တန်းမှူးဆရာမကြီး ဒေါ်သဲသဲသိန်းနှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဝေယျာဝစ္စကုသိုလ်ရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုးဖွင့်လှစ်ပြီး ဆရာတော် ဦးပဏ္ဍိတထံမှ သီလခံယူဆောက်တည်ကြကာ ဩဝါဒကထာ နာကြားကြသည်။

ထို့နောက်သမားတော်ကြီး ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး သမားတော်ကြီး ဦးသန်းထွန်း၊ ဆရာတော် ဦးပဏ္ဍိတ၊ ဆရာတော်ဦးဩဘာသ၊ ဆရာမကြီးဒေါ်သဲသဲသိန်းနှင့် ဆရာ၊ ဆရာမများက ယဉ်ကျေးလိမ္မာသင်တန်းမှ ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ဆရာ၊ ဆရာမများအား သင်ကြားရေးဆုများချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။

နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအား မတ် ၉ ရက်မှ မတ် ၁၈ ရက်အထိ ၁၀ ရက်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၇၀ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**ကျော်မင်းသော်**

## ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှုကို တောင်သူများအား ကွင်းသရုပ်ပြသပွဲ ကျင်းပ

**မြစ်သား မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ခန္တီးလေးကျေးရွာကွင်း အမှတ်(၄၅၅)၊ ၂ ဒသမ ၂၅ ဧကတွင် အမှတ် (၆၄) စက်မှုလယ်ယာစခန်းမှဝန်ထမ်းများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဒေသခံတောင်သူများပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ဆွေဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ကောက်ကွက်ပြည့်မီကာ ပန်းတိုင်အထွက်နှုန်းတိုးမည့် အကြောင်းအရာများကိုပြောကြားပြီး ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်က ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ အလုပ်သမားများရှာဖွေရသည့် အခက်အခဲလျော့ကျခြင်း၊ လုပ်ငန်းများ တွင်ကျယ်ခြင်း၊ သက်တောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ ပျိုးထောင်ဇရိယာအနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များပြုစုထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ သန့်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ လေဝင်၊ လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှုတိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသောစပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြသသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမိုးကျော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရားကိုင်ထန်းနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးသန်းထိုက်၊ ခန္တီးလေးကျေးရွာနှင့် အနီးရှိကျေးရွာများမှ တောင်သူဦးကြီးများက လက်တွေ့သရုပ်ပြပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းမင်းထွန်း(မြစ်သား)**



## မိုင်းယောင်းမြို့၌ လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ချပြရှင်းလင်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရာ အစည်းအဝေး တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံစံ(၇) ထုတ်ပေးနိုင်ရေး၊ လယ်ယာမြေများ ဒေသပေါက်ဈေးသတ်မှတ်နိုင်ရေး၊ ပလပ်မြေများမရှိစေရေး စသည့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဓါပုံ)**

**မြို့နယ်(ပြန်/ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင် ပါဝင်ပြီး ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာမှ သက်သေခံလျက်ရှိပါသည်။ ထို့အပြင် မြတ်စွာဘုရားရှင်ပွင့်တော်မမူမီကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီတိုင်းပြည်အဖြစ် ထူထောင်ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် အနုသုခုမ ပညာရပ်များကို ထိန်းသိမ်းပြီး ရာမညတိုင်းအဖြစ် ဂုဏ်ကျက်သရေ တင့်တယ်စွာ ရပ်တည်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သီဟသုဓမ္မမင်း၊ မနူဟာမင်းစသည့် ထင်ရှားကျော်ကြားသော သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ဝေါဆရာတော်ဦးဥတ္တမရမ္မ၊ ဦးသီလဝန္တ (မင်းရွှေငို)စသည့် ကျမ်းဂန်တတ်ရဟန်းပညာရှိများ၊ ပထမဆုံး အနောက်တိုင်းဆေးပညာရှင် ဒေါက်တာရှောလူး၊ သိပ္ပံမောင်ဝ၊ ဒေါက်တာနိုင်ပန်းလှ၊ ဒေါက်တာမင်းတင်မွန် စသည့်ပညာရှိများနှင့် စာပေပညာရှင်များ၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်းစသည့် သူရသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများပေါ်ထွန်းခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် မွန်ပြည်နယ်အား ၃၀-၄-၂၀၂၂ ရက်နေ့မှစ၍ ခရိုင်(၄)ခုနှင့် မြို့နယ် (၁၀)ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ပထဝီအနေအထားအရ အဓိကကျစွာ တည်ရှိနေပါသည်။ ကွန်ရက်သဖွယ် စီးဆင်းနေသော သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်နှင့် ဒုံသမိမြစ်တို့ဖြင့် ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ကူးသန်း ရောင်းဝယ်ရေးအတွက် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများပေါများဖြစ်ထွန်းကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရားစသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာလည်း ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာ ပြည့်ဝခြင်းတို့သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကိုကြည့်ပါက စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာ တည်ဆောက်ထားကြသည်ကို တွေ့ရှိနိုင်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏ အခြေအနေမှာ တည်ဆောက်ရေးကို မလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကြိုးစားကာကွယ်နေကြရသဖြင့် တည်ငြိမ်အေးချမ်းမှု အားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဆဲ ဖြစ်နေပါသည်။

> **ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများ ဒုက္ခရောက်စေပြီး နိုင်ငံကိုအန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်း**

ယနေ့ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်နေကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် ပြည်တွင်းပြည်ပမှ အမျိုးမျိုးသော ပံ့ပိုးမှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ ပါဝင်နေသည်ကိုလည်း နိုင်ငံသားတိုင်းသတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှု ပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများအပေါ်တွင် သင်ခန်းစာယူကြရန် အချိန်အခါကျရောက်နေပြီဖြစ်ကြောင်း အသိပေးလိုပါသည်။

ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများ ဒုက္ခရောက်စေပြီး နိုင်ငံကို အန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော၊ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးကို သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင် စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ ဒေသအလိုက် သဘာဝထွက်ကုန်ကြမ်းများကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို အားပေးမြှင့်တင်လျက် ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါ လုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမို၍ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ နိုင်ငံသစ်တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျပါသည်။ ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါများရေးဟူသည့် ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထား တိုက်တွန်းလျက် ယနေ့ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

○ နိုင်ငံတော်မှ

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု ရည်ရွယ်ချက်၊ ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မျိုးစေ့ချကိရိယာချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မြို့နယ်အလိုက် တောင်သူများထံသို့ မျိုးစေ့ချကိရိယာများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသ ရောင်းချနေမှုများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ ပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ပြီး လယ်ယာကဏ္ဍကြီး ပြခန်း ကိုးခန်း၊ စက်မှုကဏ္ဍကြီး ပြခန်း ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး ပြခန်း ကိုးခန်း၊ ပညာရေး ပြခန်း ခုနစ်ခန်း၊ ကျန်းမာရေး ပြခန်း ရှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်း ပြခန်း ၂၁ ခန်း အပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ပြခန်းကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။ သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး AI နည်းပညာဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၁၈

Artificial Intelligence (AI) နည်းပညာဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက AI နည်းပညာသည် လူသားများ၏ ဘဝနေထိုင်မှုပုံစံအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာရေစီးကြောင်းတွင် နောက်ကျမကျန်ခဲ့စေရန်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) နှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးခြင်းကို ကျင်းပပေးခြင်းဖြစ်ကြောင်း။

AI နည်းပညာအသုံးပြု၍ လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ကျင့်ဝတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများရှိနိုင်ကြောင်း၊ သတင်းအချက်အလက်လုံခြုံမှုရှိရေးကို ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးခြင်းဖြင့် ဝန်ထမ်းများအတွက် AI ၏ အခြေခံသဘောတရားများ၊ နိုင်ငံတကာတွင် AI နည်းပညာအသုံးချမှုများ၊ AI စွမ်းဆောင်ရည်များ၊ AI Tools များကို အသုံးချ၍ တီထွင်ဖန်တီးမှုများ၊ Ethical ဆိုင်ရာကျင့်ဝတ်များ၊ စံသတ်မှတ်ချက်များ၊ AI Tools အသုံးပြုမှုနှင့် ပတ်သက်၍ လုံခြုံရေးအရ သတိပြုရမည့်အချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က AI & Law Enforcement: History Technologies & Legal Perspectives ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Polytechnic University (ထားဝယ်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာကြည်လှဲ့လှဲ့ခိုင်က Ethical Concern with Today AI ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဥ္ဇာမေဖူးဝေက Unlocking the Power of AI ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myday Application မှ နည်းပညာရှင် ဦးမိုးသန်းဦးက AI for Social E- Commerce ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကော်မရှင်ရုံး ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ နီပေါ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈


ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နေပြည်တော်တွင်ပြုလုပ်မည့် "Nepal-Myanmar Partnership in Digital Transformation Program" နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်တွင် Nepal-Myanmar Partnership in Digital Transformation ကျင်းပပြုလုပ်မည့် အစီအစဉ်၊ ထိုသို့ ကျင်းပရာတွင် ဆော့ဝဲလ်နှင့် ဝန်ဆောင်မှုစနစ် အသုံးပြုခြင်းတို့ကို အထူးပြုပြသသွားမည့် အစီအစဉ်၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး အစီအစဉ်တွင် နီပေါ-မြန်မာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ် ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဆိုင်ရာ အစီအစဉ်များတွင် ပညာရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဆောင်ရွက်ရေး၊ အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍနှင့် ဆရာအတတ်ပညာကဏ္ဍတို့တွင် ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်





# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၁၈

၂၀၂၅ ခုနှစ် မတ် ၁၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၉ မိနစ် ၀၇ စက္ကန့် အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၇မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၁၈ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၅၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး မတ် ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ စတင်ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြရာ မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၂၈၈ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ စာစစ်ဌာနများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန်နှင့် လိုအပ်သည့် စစ်ဆေးခြင်းများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့မှုများ၊ စာရေးကိရိယာများ အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို အားပေးစကားများ ပြောကြားခဲ့သည်။



၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၈၉ ခု ဖွင့်လှစ်ထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုရန် ကျား ၁၅၄၇၃ ဦး၊ မ ၂၀၀၂၇ ဦး၊ စုစုပေါင်း ၃၅၅၀၀ ဦး စာရင်းရှိကာ ဖြေဆိုသူ ကျား ၁၄၆၉၈ ဦး၊ မ ၁၉၅၉၀ ဦး၊ စုစုပေါင်း ၃၄၂၈၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပျက်ကွက် ကျား ၇၇၅ ဦး၊ မ ၄၃၇ ဦး၊ စုစုပေါင်း ၁၂၁၂ ဦးရှိ၍ ဖြေဆိုမှုရာခိုင်နှုန်းအနေဖြင့် ၉၆ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်းနှင့် အကြားအာရုံ မသန်စွမ်း ကျား တစ်ဦး၊ အမြင်အာရုံ မသန်စွမ်း ကျား နှစ်ဦး၊ ကိုယ်အင်္ဂါ မသန်စွမ်း ကျား တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀

၀-၀-၀-၀-၀









## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြစ်သား မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စီမံကိန်းလုပ်ငန်းများ လည်ပတ်လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၅၆သန်းဖြင့် စီမံကိန်းအသင်းသား၊ အသင်းသူ ၂၂၁ ဦး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စီမံကိန်းငွေစာရင်းဇယားများ ဖြည့်သွင်းထားမှုများနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ ယခု ဒသမနှစ် စီမံကိန်းစက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၂၂၁ဦးကို ငွေကျပ် ၆၃ ဒသမ ၅၆သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများကို လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ပြောသည်။

(၄၄၅)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်
## မင်္ဂလာမန္တလေးလမ်းလျှောက်သကြန်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ လာရောက်ရှင်းလင်းတင်ပြသည့်အခမ်းအနားသို့ တက်ရောက်

**မန္တလေး မတ် ၁၈**

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မင်္ဂလာမန္တလေး လမ်းလျှောက်သကြန် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများအား မင်္ဂလာမန္တလေးမှ တာဝန်ရှိသူများက မြို့သူ၊ မြို့သားများ စိတ်ချမ်းမြေ့စွာဖြင့် အေးချမ်းစွာပျော်ရွှင်ဆင်နွှဲနိုင်ရန် မင်္ဂလာမန္တလေး လမ်းလျှောက်သကြန်ကို မြန်မာ့ရိုးရာဓလေ့တို့နှင့်အညီ မြန်မာ့ယဉ်ကျေးမှုများကို ဖော်ကြူးကျင်းပသွားမည့်လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြန်ပွဲတော်ကို ပြည်သူအားလုံး အေးချမ်းပျော်ရွှင်ကြည်နူးစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိ လစ်ဟာမှုမဖြစ်ပေါ်စေရေး အလေးထားကာ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)




## စားသုံးသူများ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် မိတ္ထီလာခရိုင်အတွင်း ထုတ်လုပ်လျက်ရှိသော ဆီစက်လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် မိတ္ထီလာခရိုင်အတွင်း ထုတ်လုပ်လျက်ရှိသော ဆီစက်လုပ်ငန်းများသို့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



စားသုံးသူများသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရေးအတွက် ခရိုင်အတွင်း ထုတ်လုပ်လျက်ရှိသော ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းနှင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြမှုရှိစေရေးရည်ရွယ်၍ ဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် မိတ္ထီလာခရိုင်အတွင်း ရတနာမာန်အောင်ရပ်ကွက်ရှိ ရွှေပြည်စိုးဆီစက်၊ စက်မှုဇုန်ရှိ ဇင်ယော်ဆီစက်နှင့် မိဘမေတ္တာဆီစက်များသို့ သွားရောက်၍ မိမိတို့ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်စည်များတွင် အရည်အသွေး၊ အလေးအချိန်၊ အချိန်အတွယ်၊ ပမာဏနှင့် အမျိုးအစားများ မှန်ကန်စွာထည့်သွင်း၍ ဖြန့်ဖြူးရောင်းချမှုရှိစေရေး၊ စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ထုတ်လုပ်ရောင်းချမှုရှိစေရေး၊ ကုန်စည်အလိုက် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများကို ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်မှုရှိစေရေး လိုက်နာဆောင်ရွက်ကြရန်နှင့် ညွှန်ကြားချက်အမှတ်(၁/၂၀၂၁)အရ ကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ကြောင်း၊ ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာအလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ပြီး၊ FDA ထောက်ခံချက်ပါရှိရမည်ဖြစ်ကြောင်း၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် နောက်ပိုင်းကာလများ၌ ကွင်းဆင်းစစ်ဆေးမှုများနှင့်အတူ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အထူးအလေးထား ဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)

## စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)ရွှေဘိုသွေးစာပေဝိုင်း ကျင်းပ

**ရွှေဘို မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာများနှင့် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ပူးပေါင်း၍ ရွှေဘိုသွေးစာဖတ်ဝိုင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ရွှေဘိုမြို့နယ် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာ အောင်ဘုန်းညိုက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က စာဖတ်ဝိုင်းပြုလုပ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော စာပေချစ်မြတ်နိုးသူများက မြဝတီရသစုံမဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့် ဆရာအောင်ဘုန်းညိုရေးသားသော "ကလဲ့စား" ဝတ္ထုတိုပါ အကြောင်းအရာများကို ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေဘိုခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ပြည်သူများ အသိဉာဏ်ပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာရေးဆရာများ၊ (Book Club) စာပေမြတ်နိုးသူများဖြင့် စာဖတ်ဝိုင်းများနှင့် အသိပညာပေးဆွေးနွေးပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသောဈေးနှုန်းများဖြင့် အမရပူရမြို့နယ်၊ ရွှေဥမင်ထုပ်ရပ်ကွက်၊ ဖန်ချက်ရပ်၊ တရုတ်တန်းလမ်း နဂါးရုံဘုရားဝင်းအတွင်းတွင် ရောင်းချပေးခဲ့သည်။

ရောင်းချပေးမှုအဖြစ် မတ် ၁၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၁၂)၊ အနိုပ်တော်ရပ်ကွက်၊ ၁၉လမ်းနှင့် လမ်း ၆၀ ထောင့်၊ ဘောလုံးကွင်းဘေးတွင်လည်ကောင်း၊ မတ် ၂၁ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



## ထရမ့်၏ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာ ထရုသ်ဆိုရှယ်တွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ပါဝင်လာသည်ဟု ဆို



**ဒေလီ မတ် ၁၈**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာဖြစ်သော ထရုသ်ဆိုရှယ်တွင် ပါဝင်လာသည့် ကမ္ဘာ့ခေါင်းဆောင်အနည်းငယ်ထဲမှ တစ်ဦးဖြစ်လာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မတ် ၁၇ ရက်တွင် ၎င်း၏ ပထမဆုံးပို့စ်အဖြစ် မိုဒီသည် ၂၀၁၉ ခုနှစ်က အမေရိကန်သို့ သွားရောက်ခဲ့စဉ် တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် ထရမ့်နှင့်အတူ ရိုက်ကူးထားသည့် ဓာတ်ပုံတစ်ပုံကို မျှဝေခဲ့ပြီး ဤပလက်ဖောင်းပေါ်တွင် ပါဝင်ရသည်မှာ "ဝမ်းမြောက်စရာ"ဖြစ်ကြောင်း ရေးသားလွှင့်တင်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ထရုသ်ဆိုရှယ်ကို စတင်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က သူသည် သမ္မတရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်ကို မနိုင်ဘဲ ရှုံးနိမ့်ကာ တွစ်တာနှင့် ဖေ့စ်ဘွတ်ကဲ့သို့သော အဓိကလူမှုကွန်ရက်များမှ ယာယီပိတ်သိမ်းခံထားရသည့် အချိန်ဖြစ်သည်။

ထိုလူမှုကွက်ရက်များက ထရမ့်ကို အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်သည်ဟု စွပ်စွဲကာ အင်တာနက်လူမှုကွန်ရက်များက ပိတ်ပင်သဖြင့် ထရုသ်ဆိုရှယ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

မိုဒီ၏ ပလက်ဖောင်းတွင် နောက်လိုက်ပေါင်း ၂၁၅၀၀ ရှိပြီး ထရမ့်နှင့် အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်တို့ကို ၎င်းက လိုက်ထားကြောင်း သိရသည်။

**MON**

၀-၀-၀-၀-၀

## ကနေဒါနိုင်ငံ၏ ဝန်ကြီးချုပ်သစ် မာ့ခ်ကာနေး ပြည်ပခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံသို့ သွားရောက်



**အော့တဝါ မတ် ၁၈**

ကနေဒါနိုင်ငံ၏ ဝန်ကြီးချုပ်သစ်မာ့ခ်ကာနေးသည် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံသို့ ယမန်နေ့က သွားရောက်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်နှင့် တွေ့ဆုံကာ အမေရိကန်နှင့်ဆက်ဆံရေး ကျဆင်းလာသည့်အချိန်တွင် ကနေဒါ၏ ရှေးအကျဆုံး မဟာမိတ်နိုင်ငံထဲမှ ထောက်ခံမှုရရှိရန် ကြိုးပမ်းခဲ့သည်။

ကနေဒါအနေဖြင့် ပြင်သစ်ကဲ့သို့သော ယုံကြည်စိတ်ချရသည့် မဟာမိတ်များနှင့် ဆက်ဆံရေးကို အားဖြည့်ရန် အရေးကြီးကြောင်း မတ် ၁၇ ရက်က ပဲရစ်မြို့တော်ရှိ သမ္မတနန်းတော်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကာနေးက ထုတ်ဖော်ပြောကြားသည်။

ပြင်သစ်နှင့် ဥရောပတစ်ခုလုံးသည် ဥရောပ မဟုတ်သော နိုင်ငံများတွင် အများဆုံးဥရောပဆန်သည့် ကနေဒါနှင့် စိတ်အားထက်သန်စွာ လက်တွဲလုပ်ဆောင်ပြီး တစ်ချိန်တည်းမှာပင် မြောက်အမေရိကန်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်ကာ အမေရိကန်ပြည်ထောင်စုနှင့် အပြုသဘောဆက်ဆံရေးကို ထိန်းသိမ်းရန် စိတ်ပိုင်းဖြတ်ထားကြောင်း ကာနေးက ဆက်လက်ပြောကြားသည်။

ထရမ့်က ကနေဒါနိုင်ငံကို သိမ်းပိုက်ပြီး အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် ပြောင်းလဲရန် အကြိမ်ကြိမ် ခြိမ်းခြောက်ခဲ့သဖြင့် ကနေဒါနိုင်ငံသားများ အမျက်ထွက်နေကြောင်း သိရသည်။

**MON**

## ဒေသဆိုင်ရာနေရာများသို့ လူဦးရေပျံ့နှံ့လာကာ ဂျပန်မြေရာဈေးနှုန်းများ အမြန်ဆုံးမြင့်တက်နေ

**တိုကျို မတ် ၁၈**

၂၀၂၄ ခုနှစ်တွင် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုကြောင့် ဒေသဆိုင်ရာနေရာများသို့ လူဦးရေပျံ့နှံ့လာကာ ပြန်လည်ထူထောင်မှုနှင့်အတူ ၃၄ နှစ်အတွင်း ဂျပန်နိုင်ငံ၏ မြေရာဈေးနှုန်းများ အမြန်ဆုံးမြင့်တက်လာနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိမ်ခြံမြေဈေးကွက်တွင် ဈေးစတင်မြင့်တက်လာသည့် နောက်ဆုံးလက္ခဏာတစ်ခုဖြစ်ကြောင်း ထင်မြင်ယူဆသည်။

မြေရာဝန်ကြီးဌာန၏ စစ်တမ်းအရ ဇန်နဝါရီ ၁ ရက်နေ့အထိ နေထိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ နိုင်ငံတော်တစ်ဝန်း ပျမ်းမျှမြေရာဈေးနှုန်းများသည် ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး စတုတ္ထနှစ်ဆက်တိုက်မြင့်တက်လာမှုဖြစ်သည်။

၁၉၉၁ ခုနှစ်နောက်ပိုင်း ဂျပန်နိုင်ငံတွင် မြေရာဈေးနှုန်းများ ရှည်လျားစွာ ကျဆင်းလာပြီးနောက် ယခုအခါ အမြန်ဆုံးပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

မြေရာဈေးနှုန်းများ တက်လာခြင်းသည် ဟိုတယ်များနှင့် ဈေးဆိုင်များအတွက် ဝယ်လိုအားကို မြှင့်တင်ပေးခဲ့သည့် ဝင်လာသည့်ခရီးသွားလုပ်ငန်း တိုးတက်လာမှုကြောင့်ဖြစ်ပြီး စစ်တမ်းကောက်ယူထားသည့် မြေကွက်ပေါင်း ၆၄ ရာခိုင်နှုန်းခန့်တွင် မြေရာဈေးနှုန်းများသည် ကမ္ဘာ့ကပ်ရောဂါမတိုင်မီက ဈေးနှုန်းထက်ပင် ကျော်လွန်နေသည်ဟု ထိုဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**MON**






## ပြည်တွင်းဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် အင်ဒိုနီးရှားနိုင်ငံ၌ အခွန်တိုးမြှင့်ကောက်ခံသွားမည်



**ဂျကာတာ မတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံမှ အာဏာပိုင်များက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် အခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်သည်ဟု ယမန်နေ့က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လက်ရှိ ကိုးကားဈေးနှုန်း၏ ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း စီးပွားဖြစ်စိုက်ပျိုးရေးရန်ပုံငွေအဖွဲ့အစည်းမှ အရာရှိတစ်ဦးက ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးအာဏာပိုင်များက စည်းမျဉ်းထုတ်ပြန်ပြီးနောက် သုံးရက်အကြာတွင် အခွန်အသစ်ကို စတင်ကောက်ခံသွားမည်ဖြစ်ပြီး ယခုလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

**MON**

**မေလတွင် စင်ကာပူနိုင်ငံ၌ ရောင်းချပေးမည့် ပြုတ်ထားသော ခေါက်ဆွဲခြောက်နှင့် ချိစ်ကို ကြော်ထားသည့် ကြက်သားကြော်နှစ်ချပ်အကြား ညှပ်ထည့်ထားပြီး ကင်မ်ချီနှင့် တွဲဖက်စားသုံးနိုင်အောင် စီစဉ်ထားသော အသားညှပ်ပေါင်မုန့်ကို တွေ့ရစဉ်။ MON**




## ကိုးလကျော်ကြာ ပိတ်မိနေခဲ့သော အာကာသယာဉ်မှူး နှစ်ဦး အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှ ကမ္ဘာမြေသို့ ပြန်လာ

**ဝါရှင်တန် မတ် ၁၈**

အာကာသထဲတွင် ကိုးလကျော်ကြာ ပိတ်မိနေခဲ့သော အာကာသယာဉ်မှူး နှစ်ဦးသည် နောက်ဆုံးတွင် မတ် ၁၈ ရက်က စပေ့စ်အိတ်စ်ကုမ္ပဏီ၏ နဂါး အာကာသယာဉ်ကို စီးနင်းကာ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှ ကမ္ဘာမြေသို့ ပြန်လာနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘွတ်ချ်ဝီလ်မိုးနှင့် ဆူနီတီလျံစ်တို့ကို သယ်ဆောင်လာသည့် ထိုအာကာသယာဉ်သည် ဂရင်းနစ်စံတော်ချိန် နံနက် ၅ နာရီ ၅ မိနစ်တွင် ပတ်လမ်းပတ်လည်ရှိ အာကာသစခန်းမှ ထွက်ခွာသွားခဲ့ပြီး တစ်ကမ္ဘာလုံး စိတ်ဝင်စားခဲ့သည့် ၎င်းတို့၏ ရှည်လျားသော အာကာသခရီးကို အဆုံးသတ်ခဲ့သည်။

ထိုအာကာသယာဉ်မှူး နှစ်ဦးသည် အမေရိကန်အာကာသယာဉ်မှူး နစ်ခ်ဟိတ်၊ ရုရှားအာကာသယာဉ်မှူး အလက်ဇန်ဒြားဂေါဘူနော့ဗ်တို့နှင့်အတူ အာကာသယာဉ်ပေါ်တွင် စီးနင်းလိုက်ပါခဲ့သည်။

၎င်းတို့လေးဦးသည် ယခုအခါ ကမ္ဘာမြေသို့ ပြန်မည့် ၁၇ နာရီခရီးစဉ်အတွက် ၎င်းတို့၏ အာကာသဝတ်စုံများမှ ပိုမိုသက်တောင့်သက်သာရှိသော အဝတ်အစားများကို လဲလှယ်ခဲ့ကြသည်။

ခရီးစဉ်တစ်လျှောက် အရာအားလုံး ချောချောမွေ့မွေ့ဖြစ်မည်ဆိုပါက အာကာသယာဉ်သည် မတ် ၁၉ ရက်တွင် လေထီးများကိုဖွင့်ပြီး ဖလော်ရီဒါကမ်းခြေအနီးရှိ သမုဒ္ဒရာထဲသို့ ဆင်းသက်လာမည်ဖြစ်ကြောင်း သိရသည်။

**MON**



## ဟောင်ကောင်အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး လီရှောကီး အသက် ၉၇ နှစ်အရွယ်တွင် ရုတ်တရက်ကွယ်လွန်

**ပေကျင်း မတ် ၁၈**

ဟောင်ကောင်အိမ်ခြံမြေလုပ်ငန်းရှင်သူဌေးကြီး လီရှောကီးသည် အသက် ၉၇ နှစ်အရွယ်တွင် ယမန်နေ့က ရုတ်တရက် ကွယ်လွန်သွားပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၎င်း၏ အိမ်ခြံမြေကုမ္ပဏီမှ ထုတ်ပြန်ကြေညာချက်အရ လီရှောကီးသည် မိသားစုဝင်များနှင့်အတူ နေထိုင်ရင်း ကွယ်လွန်သွားခဲ့သည်ဟု ဆိုသော်လည်း ကွယ်လွန်ရသည့်အကြောင်းအရင်းကိုမူ ချန်လှပ်ထားခဲ့သည်။

လီရှောကီးသည် ဟောင်ကောင်၏ အချမ်းသာဆုံးပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ပြီး လွန်ခဲ့သော ဖေဖော်ဝါရီလက ဖော့ဘ်စ်မဂ္ဂဇင်း၏ ခန့်မှန်းချက်အရ ၎င်း၏ ပိုင်ဆိုင်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံနီးပါးရှိကြောင်း သိရသည်။

**MON**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၈၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr.Md.Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသား ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး Mr.Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Naoto Watanabe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၈ဝ နှင့် အီသီယိုးပီးယားနိုင်ငံသား ၆၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၁၀၇ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၃၉၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၀၇ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အင်းလျားကန်ပေါင်ပေါ် လူငယ် ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ အင်းလျားကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ် ၂၀ ခန့်ကို အကြောင်းမဲ့ ဖမ်းဆီးစစ်ဆေးခဲ့ပြီး ခြောက်ဦးခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှု မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အသက်အရွယ်မရွေး ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “@yadanar4581” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက်နေ ရတနာလှိုင်အား မွန်းတည့် ၁၂ နာရီတွင် သာယာဝတီမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အီရတ်နိုင်ငံကို တွဲဖက်တာဝန်ယူဆောင်ရွက်သည့် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမြတ်ဝတ်ရည်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်နိုင်ငံဆိုင်ရာ အီရတ်သံရုံးနှင့်လည်းကောင်း၊ အီရတ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများဆိုင်ရာအဖွဲ့(IOM) နှင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မတ် ၁၆ရက်က အီရတ်နိုင်ငံမှ Baghdad-Doha-Phnom penh-Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ကာ မတ် ၁၇ရက် ည ၉နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြည်လည်ထွက်ခွာနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်





မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၈

ရန်ကုန် တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)သုံးတန်ကျော်၊ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။




မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၄)ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်ကို သတင်းအရဝင်ရောက်ရှာဖွေရာ သန်းလွင်၊ ဝေယျာအောင်(ခ)သားကြီး၊ သန့်ကောင်းဆက်(ခ)ပေါင်ချိန်၊ ရဲရင့်နိုင်၊ လှသန်းဦး(ခ)ရာကွတ်တို့ ငါးဦးအား အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂ တန်၊ Toyota Hilux ယာဉ် တစ်စီး၊ Toyota Land Cruiser ယာဉ်တစ်စီးနှင့် Mercedes Benz ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမြို့တွင် နေထိုင်သူ တင်မောင်ဝင်း၏ အစီအမံဖြင့် သန်းလွင်က တာဝန်ခံ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး သန်းလွင်ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) များကို ရန်ကုန်မြို့တွင် တစ်ဆင့် ပြန်လည်ရောင်းချသူ ဟိန်းစည်သူ(ခ)ဇော်ဇော်အောင်(ခ)အောင်ကိုကို(ခ) ထင်လင်းပြည့် ကို သာကေတမြို့နယ် ရွှေခင်းသာလမ်းတွင်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများ တစ်ဆင့် ပြန်လည်ရောင်းချရန် ချိတ်ဆက်ပေးသူ တင်လှ(ခ)စသစ်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ မတ် ၆ ရက် ည ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုဓမ္မာ လမ်းမကြီးတွင် ကျော်ကျော်သိန်း(ခ)ကျော်ကျော်(ခ)အသေးလေး မောင်းနှင်လာသည့် Hyundai Box ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ပြောင်းဆေးဝါးများကို မလေးရှားပင်လယ်ရေပြင်သို့ ချိတ်ဆက်ပို့ဆောင် ရောင်းချရန် စီမံခန့်ခွဲသူမှာ AA စီးပွားရေး တာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ရွှေကောင်းသာစက်လှေပိုင်ရှင် မသီတာမြင့်တို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများ လက်ခံ၍ ရွှေကောင်းသာ စက်လှေဖြင့် မလေးရှားပင်လယ်ပြင်သို့တာဝန်ခံ ပို့ဆောင်သူ မင်းမင်းစိုးကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးများကို မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လှေဖြင့် တင်ပို့ခဲ့ကြောင်း၊ မလေးရှားသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဦးစီးလုပ်ကိုင်သူ မျိုးမင်းစိုး(ခ)ကိုမျိုး ကို မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးတွင် Celsior ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက်ရှိ နေအိမ်မှ အိုက်စ် (မက်သ်အဖက်တမင်း) တစ်တန် ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စိတ်ပြောင်းဆေးဝါးများ မလေးရှား ပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လှေဖြင့် သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် ကျော်ဝေထွန်း၊ သိန်းထွန်း(ခ)သန့်ဇင်၊ ရန်ရှင်းအောင်နှင့် ဇော်ဇော်အောင်တို့ကို ဆိပ်ကြီးခနောင်တိုမြို့နယ် ဆမားဒူးဝါ အပိုင်း (၄)ရပ်ကွက်၌ ရွှေကောင်းသာစက်လှေနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၉၆ ဒသမ ၆၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ ဒသမ ၄၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ) ကျော်စိုးလင်းနှင့် ၎င်း၏ဇနီး မသီတာမြင့်တို့သည် တနင်္သာရီ... တန့်ယန်း၊ တောင်ကြီး၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် မော်တော်ယာဉ်ဂိတ်များ ဖွင့်လှစ်၍ ၎င်းတို့ပိုင်ခရီးသည်တင်မှန်လုံယာဉ် ၁၆ စီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။



မလေးရှားရေပြင်သို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်သည့် ရွှေကောင်းသာစက်လှေကို တွေ့ရစဉ်။





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။




## ၂၀၂၅ခုနှစ်အတွင်း ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲ ငါးခုတွင် ရှုံးပွဲမရှိသည့် အသင်းအဖြစ် ဘာစီလိုနာအသင်းရပ်တည်



**ဘာစီလိုနာ မတ် ၁၈**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ၂၀၂၅ခုနှစ်အတွင်း ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲ ငါးခုတွင် ရှုံးပွဲမရှိသည့် အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ၂၀၂၅ခုနှစ်အတွင်းတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၈ပွဲကစားကာ ၁၅ပွဲ အနိုင်ရရှိပြီး ၃ပွဲသရေဖြင့် ရှုံးပွဲမရှိ မှတ်တမ်းပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ၂၇ပွဲကစားအပြီးတွင် ရမှတ် ၆၀မှတ်ဖြင့် အဆင့် ၁နေရာတွင် ရပ်တည်ခဲ့ပြီး ချန်ပီယံဆုရရှိရန်လည်း ရေပန်းစားလျက်ရှိသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ) (NGB)

## ရာမို့စ် ကစားသမားဘဝ အနီကတ် ၃၀ ကတ်ပြည့်မြောက်သည့် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် မတ် ၁၈**



မက္ကဆီကိုကလပ် မွန်တာရေးအသင်း နောက်ခံကစားသမား ရာမို့စ် ကစားသမားဘဝတစ်လျှောက်တွင် အနီကတ် ၃၀ကတ်ပြည့်မြောက်သည့် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မွန်တာရေးအသင်းက Nacional အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အနီကတ်ပြသခံရပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆီဗီလာ၊ ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ ဆီဗီလာ၊ ယခု မွန်တာရေးအသင်းတို့တွင်ကစားခဲ့ပြီး အနီကတ်ပေါင်း ၃၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရာမို့စ်သည် ယခုနှစ် ဘောလုံးရာသီတွင် မွန်တာရေးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ငါးပွဲကစားပြီး သုံးဂိုး သွင်းယူထားသည်။

(အပေါ်ပုံ) (NGB)

## ဂျိုအာချင်ဂိုမက်စ်အား ခေါ်ယူရန် လီဗာပူးအသင်းစိတ်ဝင်စား

**လန်ဒန် မတ် ၁၈**

လီဗာပူးအသင်းသည် ဝုဖ်အသင်း ကွင်းလယ်ကစားသမား ဂျိုအာချင်ဂိုမက်စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံး



ရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဝုဖ်အသင်းကလည်း ဂျိုအာချင်ဂိုမက်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဝုဖ်အသင်းထံမှ ဂျိုအာချင်ဂိုမက်စ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစသ်ည်။

(ဝဲပုံ) (NGB)

## 2025 Megasaray Hotels Open 2 တင်းနစ်ပြိုင်ပွဲ မတ် ၂၅ ရက်တွင် စတင်မည်

**လန်ဒန် မတ် ၁၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Megasaray Hotels Open 2 တင်းနစ်ပြိုင်ပွဲ မတ် ၂၅ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025Megasaray Hotels Open 2 တင်းနစ်ပြိုင်ပွဲကို မတ် ၂၅ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Megasaray Hotels Open 2 တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (ယာပုံ)

Megasaray Hotels Open 2 တင်းနစ်ပြိုင်ပွဲ ၏ လက်ရှိ ချန်ပီယံမှာ စပိန်တင်းနစ်ကစားသမား Jessica Bouzas Maneiro ဖြစ်သည်။

(NGB)



## အဆန်စီရီ စပိန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ် ရွေးချယ်ခြင်းခံရ

**မက်ဒရစ် မတ် ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အဆန်စီရီသည် စပိန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ကလပ်အသင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး



အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုလို စပိန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အဆန်စီရီက "ကျွန်တော် အခုလို နိုင်ငံ့လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းအောင်မြင်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

စပိန်လက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေနေရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် မတ် ၂၁ ရက်တွင် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## မက်ဆီ အာဂျင်တီးနားလက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

**လန်ဒန် မတ် ၁၈**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနား လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိအချိန် ကြွက်သားဒဏ်ရာ အရှင်းမပျောက်ကင်းသေးခြင်းကြောင့် အာဂျင်တီးနားလက်ရွေးစင်အသင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၁၉၁ ပွဲကစားကာ ၁၁၂ပွဲသွင်းယူထားသလိုအသင်းအား ၂၀၂၂ကမ္ဘာ့ဖလားဆွတ်ခူးရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့သည်။ (ယာပုံ)

အသက်(၃၇)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့ပါပြီ။ အသင်းအနေနဲ့ လာမည့် ပြိုင်ပွဲတွေမှာ နိုင်ပွဲတွေ ရရှိဖို့လည်း တောင်းဆုပြုပါတယ်"ဟု ပြောသည်။

အာဂျင်တီးနားလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲစဉ်အဖြစ် လာမည့် မတ် ၂၂ရက်တွင် ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)





## ဟီဗန် ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ

**မန်ချက်စတာ မတ် ၁၈**

မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား ဟီဗန် ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းက လက်စတာစီးတီးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး ကွင်းထဲမှနေ ထမ်းစင်ဖြင့် ထွက်ခွာခဲ့ရသည်။

နောက်ခံကစားသမား ဟီဗန်သည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသဖြင့် ၄င်းဒဏ်ရာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ဟီဗန်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄ပွဲ ကစားထားသည်။

(အပေါ်ပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* လိုင်လီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် ဥရောပထိပ်သီးကလပ်အသင်းများစွာက စောင့်ကြည့်လျက်ရှိသည်။

* ခရစ္စတယ်ပဲလေ့စ်အသင်း အားကစားဒါရိုက်တာ ဒူဂီဖရီးမင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

* နယူးကာဆယ်အသင်း နည်းပြ အက်ဒီဟောင်းသည် အသင်းအား အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ခလစာငွေ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိလာတော့မည်ဖြစ်သည်။ (NGB)

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၉-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၆း၃၀နာရီ | ဟောင်ကောင် - မကာအို |
| ။ | ည၇း၀၀နာရီ | ဗီယက်နမ် - ကမ္ဘောဒီးယား |
| ။ | ည၈း၀၀နာရီ | အိန္ဒိယ - မော်လ်ဒိုက်စ် |
| ။ | ည၁၁း၀၀နာရီ | ရုရှား - ဂရန်နာဒါ |



## ရေဘေးသင့်ပြည်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်အိတ် ၅၈၃၂ အိတ် လှူဒါန်း

**ကျောက်ဆည် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးများကြောင့် ဘေးသင့်ခဲ့သည့် ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်အိတ် ၅၈၃၂ အိတ်အား မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနသိုလှောင်ရုံ၌ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ဆန်များထောက်ပံ့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်မောင်ဝင်းနှင့် မြို့နယ် ဆန်ထောက်ပံ့ရေး ကော်မတီအဖွဲ့ဝင်များက ကျောက်ဆည်မြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သည့် ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာ ၃၈ ရွာမှ အိမ်ခြေ ၁၃၉၇၀ အိမ်၊ အိမ်ထောင်စု ၁၄၁၉၃ စု၊ လူဦးရေ ၅၈၉၃၈ ဦးအတွက် လူတစ်ဦးလျှင် ဆန်နို့ဆီဘူး ၁၉ ဘူးနှုန်းဖြင့် ဆန်အိတ်ပေါင်း ၅၈၃၂ အိတ်အား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများထံသို့ လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာပြည်သူများမှ တစ်ဆင့် ရေဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ကျဆင်း

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၈၇၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် မတ် ၃ ရက်မှ ၁၆ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၈၉၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရည်ညွှန်းဈေးသည်လည်း ငွေကျပ် ၆၈၇၅ ဖြစ်သဖြင့် ၁၅ ကျပ် ဈေးကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀-၀



## ဘောစကိုင်းစေ့ဖြင့် ထုတ်လုပ်သော လက်မှုပစ္စည်းများ အရောင်းအဝယ်သွက်လျက်ရှိ

**မန္တလေး မတ် ၁၈**

ဘောစကိုင်းစေ့ဖြင့်ထုတ်လုပ်သော လက်မှုပစ္စည်းအမျိုးမျိုးတို့အား ပြည်တွင်း၊ ပြည်ပခရီးသွားများ ကြိုက်နှစ်သက်မှုရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း တောင်သမန်အင်းရှိ ဘောစကိုင်းစေ့ဖြင့် လက်မှုပစ္စည်းများ ထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

ဘောစကိုင်းစေ့အား လက်မှုပစ္စည်းများထုတ်လုပ်ကာ ပြည်တွင်းတွင်ရောင်းချခြင်းသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့မှုရှိကြောင်း၊ မန္တလေးမြို့တွင် ဦးပိန်တံတား၊ ဘုရားစေတီပုထိုးများတွင် အမှတ်တရ အလှဆင်ပစ္စည်းအဖြစ် ရောင်းချကြသည်။

"ဘောစကိုင်းပင်က တစ်ပင်လုံးပစ်စရာမရှိတဲ့အပင်မျိုးဖြစ်ပါတယ်၊ ပြည်တွင်းက လက်မှုလုပ်တဲ့သူတွေရဲ့ တီထွင်မှုနဲ့ လက်မှုပစ္စည်းလုပ်ကြပါတယ်၊ အစေ့ကို ကြိုးနှင့်သီကာ ပုံစံအမျိုးမျိုးကို လုပ်ဆောင်ကြပြီးတော့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို ရောင်းချကြပါတယ်၊ တော်တော်လေးလည်း ရောင်းချရတယ်" ဟု ဦးပိန်တံတားတွင် ဘောစကိုင်းအစေ့ဖြင့် ပြုလုပ်သော လက်မှုပစ္စည်း ရောင်းချသူက ပြောသည်။

ဘောစကိုင်းပင်မှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးတွေ့ရှိပြီး အစေ့မှ လက်မှုပစ္စည်းထုတ်လုပ်နိုင်ရန် အစိမ်းရောင်အစေ့မှ အညိုရောင်အစေ့အဖြစ် ပြောင်းသွားစေရန် အိုးများဖြင့် ပေါင်းရကြောင်း၊ ပေါင်းထားသော အစေ့များကို နေလှန်းပြီး အခြောက်ခံရကာ ရရှိလာသော အစေ့အား အုန်းဆီဖြင့် အရောင်တင်ရကြောင်း၊ ရရှိလာသော အစေ့ကို လက်မှုပညာရှင်များက ပုံစံအမျိုးမျိုး လုပ်ဆောင်ကာ ရောင်းချကြသည်။

အစေ့ကို လက်မှုပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သည့်အပြင် စက္ကူပျော့ဖတ်အဖြစ်လည်းကောင်း၊ လူနှင့်တိရစ္ဆာန်များအတွက် အာဟာရကြွယ်ဝသော အစားအစာအဖြစ်လည်းကောင်း၊ စိုက်ပျိုးသီးနှံပင်များအတွက် မြေသြဇာအဖြစ်လည်းကောင်း၊ မိုးနည်းသောဒေသများဖြစ်သည့် အပူပိုင်းဇုန်များတွင် ဘောစကိုင်းပင်စိုက်ပျိုးခြင်းအားဖြင့် အမြဲစိမ်းသစ်တောများအဖြစ် ရရှိလာမည်ဖြစ်သည်။

မြန်မာပြည်အနှံ့အပြားတွင် ပေါက်ရောက်နိုင်ပြီး အထူးသဖြင့် အပူပိုင်းဒေသများတွင် ပေါက်ရောက်မှုများကြောင်း၊ ဘောစကိုင်းပင်သည် အမေရိကတိုက်အလယ်ပိုင်းတွင် ပေါက်ရောက်သောအပင်ဖြစ်ပြီး ၁၈ ရာစုကာလတွင် အရှေ့တောင်အာရှနှင့် ပစိတ်ဖိတ်ဒေသများရှိ နိုင်ငံများသို့ ပျံ့နှံ့လာခြင်းဖြစ်ကြောင်း၊ ဘောစကိုင်းပင်ကို အဝေရာပင်ဟု မြန်မာနိုင်ငံအတွင်း လူသိများပြီး ပြည်ပနိုင်ငံများတွင် ရုက္ခဗေဒနာမည်အဖြစ် Leucaena Leu Cocephala ဟု ခေါ်ဆိုသည်။

ယခုကဲ့သို့ စွယ်စုံအသုံးဝင်သည့် ဘောစကိုင်းပင်အား စိုက်ပျိုးသူများအနေဖြင့် စနစ်တကျ ပိုမိုစိုက်ပျိုးသင့်ပြီး အစေ့မှ တစ်ဆင့် အဆင့်မြင့်လက်မှုထုတ်ကုန်များကို ယခုထက် ပိုမိုထုတ်လုပ်ရန်လိုအပ်သေးကြောင်း၊ ယခုထက် ပို၍ ထုတ်လုပ်နိုင်လျှင် ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ ယခုထက်ပိုမိုရောင်းချမှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*

*-*-*-*-*-*-*

## အလုပ်သမားသက်သေခံကတ် (OWIC) များကို မတ် ၂၀ ရက်မှစတင်၍ ပြန်လည်ထုတ်ပေးမည်

**မန္တလေး မတ် ၁၈**

ပြည်ပသို့ သွားရောက်လုပ်ကိုင်နေကြသူများ၏ အလုပ်သမားသက်သေခံကတ်(OWIC) များထုတ်ပေးခြင်းကို ခေတ္တဆိုင်းငံ့ခဲ့ရာမှ မတ် ၂၀ ရက်မှ စတင်၍ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ အသိပေးထားကြောင်း သိရသည်။

အဆိုပါ OWIC ကတ်များ ရရှိမှသာ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်မည့်သူများအနေဖြင့် လေယာဉ်လက်မှတ် ဝယ်ယူသင့်ကြောင်း အသိပေးချက်တွင် ပါရှိသည်။




"အခြားလိုအပ်တာတွေ ဆောင်ရွက်နေလို့ OWIC ကတ်ထုတ်ပေးတာကို ခေတ္တ ဆိုင်းငံ့ခဲ့ပါတယ်။ မတ် ၂၀ ရက်ကစပြီး ကတ်အသစ်ပြုလုပ်လိုတဲ့သူတွေကို စိစစ်ပြီး ပြန်လည်ထုတ်ပေးသွားမှာပါ။ OWIC ကတ်ရမှသာ လေယာဉ်လက်မှတ်ဝယ်ကြဖို့ အသိပေးလိုပါတယ်" ဟု ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။ **(အပေါ်ပုံ)**

အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြထားသည့် အတည်ပြုပြီး အလုပ်ခေါ်စာများ၊ တင်ပြရက်စွဲ အစဉ်အလိုက်အရ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများအားလည်းကောင်း၊ မိမိအစီအစဉ် (ကျွမ်းကျင်)ဖြင့် သွားရောက်မည့်သူများအားလည်းကောင်း စိစစ်ပြီး OWIC ကတ်များ ပြန်လည်ထုတ်ပေးသွားမည်ဟု သိရသည်။

အလုပ်သမားဝန်ကြီးဌာနသည် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် ထွက်ခွာမည့်သူများအား စစ်ဆေးခြင်း၊ OWIC ကတ်များ ထုတ်ပေးသည့် Software များ ပြုပြင်ခြင်း၊ ၎င်းကတ်များ ထုတ်ပေးသည့်နေရာများ ပေါင်းစည်းရန်နှင့် အလုပ်ရှင်၊ အလုပ်သမား စာချုပ် ချုပ်ဆိုရာမှာ တစ်နေရာတည်းဖြစ်စေရန် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းကြောင့် OWIC ကတ်ထုတ်ပေးခြင်းကို ခေတ္တဆိုင်းငံ့ခဲ့သည်ဟု သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

*-*-*-*-*

*-*-*-*-*-*-*





## မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတများဖြင့် ဖျော်ဖြေ

**မင်းဘူး မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက်များတွင် နှစ်ညတိုင်တိုင် ဖျော်ဖြေတင်ဆက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် 'မင်းထွေး' ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကာလတပေါင်းပွဲတော်ညအဖြစ်အငြိမ့်ဇာတ်မင်းသား၊ မင်းသမီးများဖြစ်ကြသော မင်းထွေး၊ ချောသဉ္ဇီချစ်စု(ကျောက်ပန်းတောင်း)၊ မေဘိုဘို၊ တေးသံရှင်များဖြစ်ကြသော ချောကလက်၊ သူရိန်စိုး(လွှမ်းမိုးအလွမ်းပြေ)၊ နိုင်ငံကျော်ဟာသ(လူရွှင်တော်)အနုပညာရှင်များဖြစ်ကြသော စိန်ခဲ၊ ကံပွင့်၊ အောင်ဟိန်း၊ လန်းလန်းတို့နှင့်အတူ ရွှေခိုင်ဇော် မင်္ဂလာဆိုင်းတို့ဖြင့် တွဲဖက်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေလာရောက်ကြသူများအား မန်းရွှေစက်တော်ဘုရားပွဲတော် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်တွင် မတ် ၁၈ ရက်နှင့် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၄ရက်နှင့် ၅ရက်) ညများတွင် နှစ်ညတိုင်တိုင် အခမဲ့ဧည့်ခံဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်တစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက် အပါအဝင် (တပို့တွဲလဆန်း ၅ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလများအတွင်း နှစ်စဉ်နှစ်တိုင်း အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၀)

## ၂၀၂၅ ခုနှစ် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ဓာတ်ပုံပြိုင်ပွဲ

၂၀၂၅ ခုနှစ် မဟာသင်္ကြန်တွင် **'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ'** ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ–**

၁။ ၁၀လက်မ×၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ (၃)ပုံအထိ ယှဉ်ပြိုင်နိုင်သည် ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းက ပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၅ ခုနှစ် သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသောဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိမည်။

၆။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုမည်။ Drone Camera, Phone, GoPro နှင့်အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင်နှင့် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၅)ရက် (အင်္ဂါနေ့)၊ နံနက်(၁၀း၀၀ နာရီမှ ညနေ ၄း၀၀)နာရီအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆုရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀း၀၀)နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်းအခမ်းအနားကို (၂၄-၄-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီအကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လာ

**မန္တလေး မတ် ၁၈**

မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ဒေသအသီးသီးမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သီရိမာလာကုန်စိမ်း လက်ကားဈေးရှိ ကုန်စိမ်းပွဲရုံများမှ သိရသည်။

ဈေးကွက်အတွင်းသို့ ရှမ်းသီး(ခ)အင်းသီး၊ ထိုင်ဝမ်သီး၊ ဗမာသီးများ စုံလင်စွာဖြင့် လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းလည်း ကျဆင်းလာသည်။

'ရှမ်းပြည်နယ်၊ ပြင်ဦးလွင်နဲ့ အခြားဒေသမျိုးစုံကနေ ဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်လာတယ်။ အရောင်းအဝယ်ကလည်း ကောင်းပါတယ်။ ဒါပေမဲ့ အဝင်များတော့ ဈေးနှုန်းကတော့ နည်းနည်းကျလာတယ်၊ အရောင်းအဝယ်ကကောင်းတော့ ဈေးနှုန်းကတော့ သိသိသာသာ ကျဆင်းဖို့တော့မရှိနိုင်ပါဘူး'ဟု အဆိုပါ လက်ကားဈေးရှိ ကုန်စိမ်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးဈေးနှုန်းများမှာ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ထိုင်ဝမ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ မတ်လဒုတိယသီတင်းပတ်တွင် ငွေကျပ် ၈၀၀၊ ဗမာသီး တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ မှ ၇၀၀-၉၀၀ သို့ အနည်းငယ် ကျဆင်းလာသည်။

ခရမ်းချဉ်သီးသည် ရာသီချိန်သီးနှံဖြစ်သော်လည်း စတင်စိုက်ပျိုးချိန်မှ သုံးလကြာလျှင် ခူးဆွတ်ရသည့်အတွက် သွင်းအားစုနှင့် လုပ်သားခများရှိသော်လည်း ယခုနှစ် ဈေးနှုန်းအနေနှင့် စတင်ထွက်ရှိသည့် အချိန်ဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဈေးနှုန်းကောင်းများရရှိခဲ့ကြောင်း၊ ယခုသီးနှံရာသီ ကုန်ခါနီးတွင်လည်း ဈေးနှုန်းအနေနှင့် သင့်တင့်နေသည့်အတွက် တောင်သူများအနေနှင့် သင့်တင့်သည့် အကျိုးအမြတ်တွက်ခြေကိုက်မှုရှိသော သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၈)

*–*–*–*–*

## အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ပုဗ္ဗသီရိ မတ် ၁၈**

ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပန်းချီအနုပညာကို စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ရေးဆွဲနိုင်စေရန် ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ချယ်ရီအောင်သန်း (ချယ်ချယ် - YU)က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးအား အခြေခံကျသည့် မျဉ်းကြောင်း ရေးဆွဲနည်း၊ အလင်းအမှောင်၊ ပန်းချီပညာအယူအဆနှင့် ပန်းချီပညာ၏ အခြေခံစည်းမျဉ်း စည်းကမ်းများကို သင်တန်းနည်းပြ ဒေါ်ချယ်ရီအောင်သန်း (ချယ်ချယ် - YU)က မတ် ၁၇ ရက်မှ ၁၉ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ကို(ဖန်ခါးမြေ)**



တံတားနှင့် လမ်း၊
ဆေးခန်းနှင့်
ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပန်းရလိမ့်။

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံပင်အရောင်ချွတ်ပြီး ကာလာအဆန်းတွေကို ဆိုးမယ်ဆိုရင် သတိထားသင့်တဲ့အချက်များ

နွေရာသီကျောင်းပိတ်အားလပ်ရက်နဲ့ သင်္ကြန်ပွဲတော်အတွက် ဆံပင်ကာလာအရောင်ဆန်းတွေ ဆိုးတော့မယ်ဆိုရင် ဆံပင်တွေ ဆိုးဆိုးရွားရွားပျက်စီးတာမျိုးမဖြစ်အောင် သတိထားရမယ့်အချက်တွေကို ဖော်ပြလိုက်ပါတယ်။

၁။ ဆံပင်ညှပ်ဆရာဆီ သေချာသွားပြီး မေးမြန်းပါ။

ဆံပင်ညှပ်ဖို့တန်းမသွားသေးဘဲ ကိုယ်ညှပ်မယ့် ဆံပင်ညှပ်ဆရာရဲ့ လက်ရာတွေကို သေချာလေ့လာပါ။ ပြီးမှ အဲဒီဆံပင်ညှပ်ဆရာဆီသွားပြီး သင် ညှပ်မယ့်၊ ဆိုးမယ့်အရောင်၊ ပုံစံ စတာတွေကို ပြောပြပြီး အဆင်ပြေ၊ မပြေ မေးမြန်းပါ။

၂။ ဆံပင်သားနဲ့ပတ်သက်ပြီး အတိအကျမေးမြန်းပါ။ သူ မေးတာကိုလည်း အမှန်အတိုင်းဖြေပါ။

ဆံပင်ညှပ်ဆရာနဲ့တွေ့တဲ့အခါ လိုချင်တဲ့ ဆံပင်ကာလာနဲ့ ဆံပင်ပုံစံက ဘယ်လိုဆိုတာ ဓာတ်ပုံနဲ့တကွ ပြသဖို့ လိုပါတယ်။ ဆံပင်အရောင်ကိုတော့ဖြင့် လုံးဝမလိုချင်ဘူးဆိုတာကိုလည်း ပွင့်လင်းစွာ ပြောပြပါ။ သင့်ဆံပင်သားနဲ့ ကာလာဆိုးဖို့ အဆင်ပြေ၊ မပြေ သူ့ကိုမေးပါ။ ဘယ်နှစ်ခါ ချွတ်ထားဖူးသလဲ၊ ကာလာအနက်ကို ဘယ်တုန်းက ပြန်ဆိုးထားသလဲ စတဲ့ မေးခွန်းတွေကိုလည်း သေချာဖြေဖို့ လိုပါတယ်။ ဒီလိုမှသာ အရောင်ထွက်နိုင်၊ မထွက်နိုင် သူလည်း ပြောပြပေးနိုင်မှာပါ။

၃။ ဆံပင်ချွတ်ဖို့သွားတဲ့အခါ ခေါင်းမလျှော်လည်း ကိစ္စမရှိပါဘူး။

ခေါင်းကထွက်တဲ့ အဆီတွေက ဆံပင်ချွတ်တဲ့အခါ ဦးရေပြားကို ကာကွယ်ပေးနိုင်တာကြောင့် ဆံပင်ဆိုးဖို့ သွားတဲ့အခါ မချွတ်ခင် ခေါင်းမလျှော်လည်း ကိစ္စမရှိပါဘူး။ ခေါင်းလျှော်ပြီး ဒုတိယနေ့၊ တတိယနေ့မှ သွားရင်တောင် အဆင်ပြေပါတယ်။

၄။ ဆံပင်ချွတ်တဲ့အခါ ဈေးကြီးပေးရရင်တောင် ဆံပင်သားအတွက် အကောင်းဆုံးရွေးချယ်ပါ။

ဆံပင်ချွတ်ပြီဆိုတာနဲ့ ဆံပင်သား အနည်းငယ်တော့ ပျက်စီးသွားတတ်ပါတယ်။ ဒါကြောင့် သင့်ဆံပင်သားအတွက် ချွတ်ဆေးမှာ အကောင်းဆုံးနဲ့ ဆံပင်သားမထိခိုက်မယ့်ပစ္စည်းကိုသာ ရွေးသင့်ပါတယ်။ ကျန်တာကိုတော့ ဆံပင်ညှပ်ဆိုင်က အဆင့်ဆင့် လုပ်ဆောင်ပေးသွားပါလိမ့်မယ်။

၅။ ဆံပင်ဆိုးပြီးတဲ့အခါ ထိန်းသိမ်းတတ်ဖို့လည်း လိုပါတယ်။

ဆံပင်ဆိုးပြီးသွားချိန် ခြောက်ပတ်လောက်နေပြီးရင် သင့်ဆံပင်ကာလာဟာ နည်းနည်းမှိန်သွားပါလိမ့်မယ်။ ဒီတော့ ဆံပင်ကာလာ မြန်မြန်မပြောင်းချင်ရင် ခေါင်းခဏခဏ မလျှော်ပါနဲ့။ ဒါ့အပြင် ခေါင်းလျှော်ရင်လည်း ကာလာရောင်မကျတဲ့ ရှန်ပူအမျိုးအစားကို ရွေးချယ်သုံးပါ။ ပျော့ဆေးကိုလည်း တွဲဖက်သုံးပေးဖို့ လိုပါတယ်။

**Daisy**



## Gym ကစားတဲ့သူတွေ သတိပြုသင့်တဲ့ Skincare tips များ

Gym ကစားတာက ကျန်းမာရေးအတွက်ရော၊ ခန္ဓာကိုယ်အချိုးအစားလှပဖို့အတွက်ပါ အလွန်ကောင်းတဲ့ ကစားနည်း ဖြစ်ပါတယ်။ Gym ကစားတဲ့အခါမှာ အများစုက လူအများကြီးလာရောက်စုဝေးကစားကြတဲ့ အားကစားခန်းမတွေမှာ လာရောက်ကစားကြတဲ့အတွက် သန့်ရှင်းမှုကိုလည်း အထူးဂရုပြုဖို့ အရေးကြီးပါတယ်။ Gym ကစားကြတဲ့အခါ အားကစားပြုလုပ်တဲ့ပစ္စည်းတွေမှာ ခန္ဓာကိုယ်ကထွက်တဲ့ ချွေးတွေနဲ့ ဖုန်မှုန့်၊ အညစ်အကြေးတွေ ကျန်ခဲ့တဲ့အတွက် အဲဒီအညစ်အကြေးတွေကြောင့် အခန့်မသင့်ရင် ယားယံတာတွေ၊ ဝက်ခြံပေါက်တာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် Gym ကစားတဲ့အခါမှာ သိထားရမယ့်အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) Gym ကစားပြီး ချွေးသုတ်ဖို့အတွက် ပဝါကို အမြဲတမ်း သန့်ရှင်းအောင်ထားဖို့ လိုပါတယ်။ ချွေးသုတ်ဖို့အတွက် ပဝါကို သပ်သပ်ထားဖို့လိုအပ်ပြီး အသုံးပြုပြီးသွားပြီဆိုရင်တော့ ခြောက်သွေ့အောင်ထားကာ နှစ်ရက်တစ်ခါလောက် လျှော်ဖွပ်သင့်ပါတယ်။

(၂) လေ့ကျင့်ခန်းလုပ်တဲ့ ပစ္စည်းတွေနဲ့ အသုံးပြုတဲ့ဖျာကိုလည်း မျက်နှာနဲ့တိုက်ရိုက်မထိအောင် သတိပြုသင့်ပါတယ်။ အဲဒီပစ္စည်းတွေမှာ ချွေး၊ ဖုန်မှုန့်၊ အညစ်အကြေးနဲ့ မမြင်ရတဲ့ ပိုးမွှားတွေရှိနေတာကြောင့် မျက်နှာအသားအရေကို ထိခိုက်တာမျိုး ဖြစ်စေနိုင်တဲ့အတွက် သတိထားသင့်ပါတယ်။


(၃) လေ့ကျင့်ခန်းလုပ်နေစဉ်အတွင်းမှာလည်း ချွေး၊ ဖုန်မှုန့်နဲ့ အညစ်အကြေးတွေ ကပ်ညိနေတဲ့လက်နဲ့ မျက်နှာကို တိုက်ရိုက်ပွတ်ခြင်း၊ ထိခြင်းကို ရှောင်ရှားသင့်ပါတယ်။

(၄) လေ့ကျင့်ခန်းလုပ်တဲ့အခါမှာ ချွေးထွက်ပြီး ရေဓာတ်ဆုံးရှုံးနိုင်တာကြောင့် ရေများများသောက်ပေးဖို့ လိုအပ်တဲ့အတွက် ရေဘူးကို အမြဲဆောင်ထားဖို့ လိုအပ်ပါတယ်။

(၅) လေ့ကျင့်ခန်းလုပ်ပြီးသွားတဲ့အခါမှာ ချွေးနဲ့ အညစ်အကြေးတွေ သန့်စင်သွားဖို့အတွက် ရေချိုးပေးဖို့ လိုပါတယ်။ ရေချိုးပြီးသွားတဲ့အခါမှာ ပြုလုပ်နေကျ Skincare ကိုလည်း လုပ်ပေးရမှာ ဖြစ်ပါတယ်။

**Daisy**




## မျက်တောင်မွေးရှည်ပြီး ထူထဲစေမယ့် သဘာဝနည်းလမ်းများ

မျက်လုံးရဲ့အလှအတွက် မျက်တောင်မွေးကလည်း အလွန်ကို အရေးပါပါတယ်။ ကော့ညွတ်နေတဲ့ မျက်တောင်မွေး ရှည်ရှည်ထူထူတွေက စွဲမက်ချင်စရာကောင်းတဲ့မျက်ဝန်းတစ်စုံအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မျက်တောင်မွေးရှည်ပြီး ထူဖို့အတွက် မျက်တောင်ကော့ဆေးတွေနဲ့ မျက်တောင်ရှည်ဆေးတွေကလည်း အလှအပဈေးကွက်မှာ အမြဲတမ်းရေပန်းစားတဲ့ပစ္စည်းဖြစ်ပါတယ်။ Mascara အမြဲတမ်းခြယ်ခြင်း၊ မျက်လုံးကို ခပ်ကြမ်းကြမ်း ပွတ်တိုက်ခြင်း၊ မျက်တောင်တုတပ်ခြင်းတွေကလည်း မျက်တောင်မွေးရဲ့ အလှကို ဆိုးဆိုးရွားရွား ထိခိုက်စေပါတယ်။

မျက်တောင်မွေးတွေ ရှည်စေဖို့ ဈေးကြီးတဲ့ Treatment တွေ၊ ဓာတုပစ္စည်းတွေမပါဘဲ သဘာဝနည်းလမ်းလေးတွေနဲ့ ပြုလုပ်နိုင်မယ့် နည်းလမ်းတွေကို မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

(၁)ကြက်ဆူဆီဟာ ဆေးဖက်ဝင်တဲ့အပြင် ဆံနွယ်တွေနဲ့ မျက်တောင်မွေးတွေအတွက်လည်း အံ့အားသင့်လောက်အောင် အကျိုးကျေးဇူးတွေ ရှိပါတယ်။ နားကလော်တံကိုယူပြီး ကြက်ဆူဆီထဲကို နှစ်ပေးကာ မျက်တောင်မွေးကို အဖျားမှ အရင်းထိ လိမ်းပေးပါ။ တစ်ပတ်ကို အကြိမ်အရေအတွက် များများပြုလုပ်ပေးနိုင်ပါတယ်။

(၂)မျက်နှာပေါ်မှာ သွေးလည်ပတ်မှု အားကောင်းစေဖို့နဲ့ မျက်တောင်မွေးပေါက်တဲ့ Follicles တွေမှာ အာဟာရ ရစေဖို့ မျက်တောင်မွေးပေါက်တဲ့ မျက်ခွံနဲ့ မျက်ခမ်းနားကို ညင်သာစွာ နှိပ်နယ်ပေးရမှာ ဖြစ်ပါတယ်။

(၃) အိပ်ရာမဝင်ခင်မှာ ရှားစောင်းလက်ပပ်အနှစ်နဲ့ မျက်တောင်မှာ လိမ်းထားတဲ့ Mascara ကို ဖယ်ရှားပေးရပါမယ်။ ဒါ့အပြင် ရှားစောင်းလက်ပပ်ကို ဖျော်ရည်လုပ်ပြီးတော့လည်း သောက်သုံးနိုင်ပါတယ်။

(၄) မိတ်ကပ်က ချွေးပေါက်ပိတ်စေတာကြောင့် ဖျက်ပေးဖို့ သိပ်ကိုအရေးကြီးပါတယ်။ မျက်တောင်မွေးတွေမှာ မိတ်ကပ်မရှိမှ မျက်တောင်မွေးတွေက လျှင်လျှင်မြန်မြန်နဲ့ ရှည်လျားနိုင်မှာပါ။ Mascara ဆိုးတာမျိုးမလုပ်ရင်တော့ မျက်တောင်မွေးရှည်လျားဖို့ ပိုပြီး အကျိုးသက်ရောက်မှုရှိပါတယ်။

(၅) မျက်လုံးယားလို့ပဲဖြစ်ဖြစ်၊ တစ်ခုခုကို အထာမကျလို့ဘဲဖြစ်ဖြစ် မျက်လုံးကို ခပ်ကြမ်းကြမ်းပွတ်တာဟာ မျက်တောင်မွေးတွေကို ဆိုးဆိုးရွားရွား ပျက်စီးစေနိုင်တာကြောင့် မျက်လုံးကို မကြာခဏပွတ်ခြင်းကိုလည်း ရှောင်ကြဉ်ဖို့လိုပါတယ်။

(၆) အမွေးအမှင် (မျက်တောင်မွေးကို) ရှည်လျားစေရုံသာမက ကျန်းမာစေတဲ့ အစားအစာကလည်း အသားအရေအတွက်ရော ကျန်းမာတဲ့ဆံသား (မျက်တောင်မွေး)တွေရဖို့အတွက်ရော အရေးကြီးပါတယ်။ ဒါကြောင့် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာကို စားသုံးပေးရပါမယ်။

အခုဖော်ပြသွားတဲ့အချက်တွေကို အားလုံးမလိုက်နာနိုင်ရင်တောင်မှ အနည်းဆုံး နှစ်ခုသုံးခုလောက်ကို လိုက်နာမယ်ဆိုရင် မျက်တောင်မွေး ထူထူထဲထဲနဲ့ လှပတဲ့မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

**Daisy**

## နွေရာသီမှာ အပူသက်သာပြီး မိန်းကလေးဆန်ဆန်လှပစေတဲ့ Floral Skirt

ပူပြင်းတဲ့နွေရာသီရောက်လာပြီဆိုတော့ အပူသက်သာဖို့အတွက် ပေါ့ပေါ့ပါးပါးအဝတ်အစားတွေကို ရွေးချယ်ဝတ်ဆင်ဖို့ လိုပါတယ်။ အပူဒဏ်သက်သာစေမယ့် အဝတ်အစားဖက်ရှင်တွေ အမျိုးမျိုးရှိကြတဲ့ထဲကမှ မိန်းကလေးဆန်ပြီး အဝတ်အစားတိုင်းနဲ့လိုက်ဖက်တဲ့ Floral Skirt စကပ်ရှည်ကို ရွေးချယ်ဝတ်ဆင်နိုင်ပါတယ်။ အပြင်သွားလာတာတဲ့အခါမှာရော ရုံးသွား၊ ကျောင်းတက်တဲ့အထိပါ ဝတ်ဆင်နိုင်တာကြောင့် Floral Skirt ရှည်ကို တစ်ထည်လောက်တော့ရှိထားသင့်ပါတယ်။ Floral Skirt ရှည်နဲ့ တွဲဖက်ဝတ်ဆင်ထားတဲ့ဖက်ရှင်ကို ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

စာအုပ်အမည် - ပန်းချီဆရာနှင့် သူ၏သမီး အက်ဆေးများ
စာရေးသူ - နေမျိုး
ထုတ်ဝေသည့်စာပေတိုက် - ရှုဝံစာပေ
တန်ဖိုး - ၉၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ပန်းချီမှတ်သုံ
ထုတ်ဝေသည့်ကာလ - ၂၀၂၄၊ စက်တင်ဘာလ

စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ နေမျိုး၏ ရသ အက်ဆေး စာစုများဖြစ်ပြီး သူ၏အမှာစာနှင့်အတူ အက်ဆေး ၂၅ ပုဒ်ကို ဖတ်ရှုရမည်ဖြစ် သည်။

စာအုပ်တွင် နွေနွေးလယ်ခင်း မှတ်စု၊ နွေရာသီအက်ဆေး၊ ငါဖတ်ပြီးသားတွေ၊ နှစ်ကာလ များ၊ နှစ်ကာလများ-၂၊ ငါ့ အကြောင်း ၄၊ အိမ်ခေါင်မိုးပေါ်က လေတံခွန်၊ အမှားကိုမြင် အောင်ကြည့် ပြင်ဆင်ကြရမည့် အချိန်၊ ပန်းချီဆရာနှင့်သူ၏သမီး၊ ကိုသောင်းဌွေးတို့အိမ်၌ အိပ်စက် ခြင်း၊ ကဗျာဆရာ နှစ်ယောက် ကုလားပဲဟင်းချက်တုန်းက၊ နွေဦးပေါက်ချိန်၊ အိမ်နံပါတ်(၁၇)၊ ပြေးနေသော ဆိတ်တစ်ကောင်၊ ရေသူမ၊ နဲ့သမား၊ တောအသုဘ၊ အမေနက်ထယ်၊ အဖေနှင့်မဝင်းမေ၊ ဆိုင်းသမားစာအုပ် ဒုတိယ အကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာ၊ သူဖုန်းစားအက်ဆေး၊ ကျွန်တော့်အမေ၊ အနုပညာ တောရ၊ အက်ဆေး ၄ ပုဒ်၊ ကျီးကန်းအက်ဆေး၊ ကြွက် ထောင်ချောက်တို့ ဖြစ်သည်။



စာရေးဆရာတစ်ယောက်၏ ဘဝတွင် အသစ်တစ်ဖန် ပျော်ရွှင်မှုကိုပေးသော စာအုပ်ဖြစ်သလို စာရှုသူများကိုလည်း ရွှင်မြူးပျော်ရွှင်စေမည့်စာအုပ်ဖြစ်ကြောင်း ဆရာနေမျိုးက ရဲရဲကြီး အာမခံပေးထားရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင် သည်။

---

စာအုပ်အမည် - အရီးမိုးချုပ်
စာရေးသူ - မောင်မင်းမှူ(ပံသုကျီ)
ထုတ်ဝေသည့်စာပေတိုက် - ရွှေဝက်ဝံစာပေ
တန်ဖိုး - ၇၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - ကျော်ထွန်းဦး
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ မတ်လ



စာရေးဆရာ မောင်မင်းမှူ (ပံသုကျီ)သည် အရီးမိုးချုပ်အား ပင်တိုင်ဇာတ်ကောင်ထားပြီး အပြန်အလှန်စကားပြောများဖြင့် ရေးဖွဲ့ထားသော စာစု ၃၈ ပုဒ် ဖြစ်သည်။ စာရေးသူက သူခံယူ ထားသော ဘာသာရေးအမြင် များကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ခပ်သွက်သွက်ရေးထား သည့် သရော်စာဝတ္ထုတိုလေး များဟု ဆိုရပေမည်။

စာအုပ်တွင် ဩော်...အရီး မိုးချုပ်ရယ်၊ ဘယ်သူအာမခံလဲ၊ သီလယူခဲ့ပါ၊ နတ်သလောင်း၊ ဝင့်ကြွေး..ဟေး..ဟေး၊ ပရိတ် လွှန်၊ အစွဲကို ဖွဲလုပ်၊ အကြည့်၊ သုမေဓာကျော်ပေါ် ဒီပင်္ကရာ နင်းလျှောက်ခဲ့လား၊ မမြင် မကြား မနံ မစား မတွေ့၊ ဆန်နဲ့ထမင်း မျှစ်နဲ့ဝါး၊ ဘေးမဲ့ လွှတ်ပွဲတဲ့လား၊ သဗ္ဗဒါယကာ၊ ခွက်ထိုးခွက်လှန်၊ သာစုဆိုတာ ထိုက်တန်မှ ခေါ်ရ တာ၊ အနှစ်မဲ့နိဗ္ဗာန်၊ သတိ-ကျား ကိုက်လျှင် အပေါက်ကလေး၊ လူ့ဂုဏ်ရည်သိက္ခာဆိုတာ ဘာလဲ၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံက လွတ် ချင်လား၊ လကူးလကွယ်မို့ ရက် မကူးရတဲ့ ရက်လည်တရားနာ၊ မင်္ဂ ဆိုတိုင်း မင်္ဂစရာမဟုတ်၊ သတ္တိ ရှိရှိ စဉ်းစားကြမယ့် တစ်နေ့၊ ဘယ်အပေါက်ကထွက်၊ (၅) မင်္ဂ အပ်ချလောင်း၊ သုဒဿန ဒါနခန်း၊ အမြဲ့ ကန်မယ် တော့မယ်၊ ကိုကြည်ချွတ်ခန်း၊ ဟဲ့.. ပလုတ်တုတ်၊ ဘယ်ဘုန်းကြီး စားစား ငါမစားဘူးဟေ့၊ သာစု ပါ အလှူ့ဒကာကြီး၊ ကျောင်းကြီး အံ့အဲ..ကျောင်းမဲ့ယိုင်ရွဲ့၊ ခေါင်း လောင်းကြီးရယ် မြည်နေပြီ၊ စိတ္တဇဗိမာန်၊ သီလကွံ့ကိုကြည့်၊ ဘယ်ဟာကိုမှ ဘယ်သူကမှ ဘယ်သူကိုမှ၊ ကိစ္စနှင့်ကတ၊ အရီးမိုးချုပ်သို့ ပေးစာတို့ဖြစ် သည်။ မန္တလေးစာအုပ်အရောင်း ဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - နံရံပေါ်က ကော်ဖီနှင့် စိတ်ဓာတ်ခွန်အားဖြစ်ဖွယ်ဝတ္ထုတိုများ
စာရေးသူ - ကဘော်မြေမောင်မောင်
ထုတ်ဝေသည့်စာပေတိုက် - မိုးနှင့်မြေစာပေ(မန္တလေး)
တန်ဖိုး - ၄၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်းဓာတ်ပုံ - မြင့်လွင်ဦး
ထုတ်ဝေသည့်ကာလ - ၂၀၂၀ ၊ စက်တင်ဘာလ

မူရင်းစာရေးဆရာ Ste- phen ၏ ဝတ္ထုတို ၃၅ ပုဒ် ကို စုစည်းထုတ်ဝေထားသည့် ဘာသာပြန်စာအုပ်ဖြစ်သည်။ စိတ်ဓာတ်ညှိုးငယ်စိတ်ပျက်အား လျော့နေသူများ၊ မျှော်လင့်ချက် ကင်းမဲ့သူများ၊ လက်မြှောက် အရှုံးပေးမည့်အခြေအနေမှ အောင်မြင်မှုကို မလွဲမသွေရရှိနိုင်မည့် ခွန်အားပြည့် စိတ်အားတက်ကြွ စေမည့်ဝတ္ထုကောင်းများဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များ တွင် ဝယ်ယူအားပေးဖတ်ရှုနိုင် သည်။



---

# မြန်မာ့လက်ရွေးစင် ယူ - ၂၂ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်) ယူ - ၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၈**

2025, SEA Games & ASEAN Championship နှင့် အာရှခြေစစ်ပွဲများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် ယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်) ယူ-၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို မတ် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD ၊ MRTV Parliament ၊ MRTV Entertainment Channel များနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**သတင်းစဉ်**


---

ပတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

# အလှမ်းမဝေးပေါင် မန္တလေးတောင်

* "တောင်တော်" မန္တလေး...
မဝေးပါလည်း ရောက်နိုင်ခဲမို့
ပွဲတော်ကျင်းပ သာပေါင်းခသည့်
တပေါင်းနံနက် လပြည့်ရက်မှာ
မပျက်မကွက် ခြေလျင်တက်သည်
ခက်ခဲမရှိ ရောက်ခဲ့သည် ။
ကျေးဇူးကြီးလှ ဦးခန္တီ
မုန်းဆပူဇော် မဝပြီ ။ ။
* မြွေကြီးနှစ်ကောင်...
ထောင်နေပါးပြင်း ကြည့်နေရင်းပင်
ချက်ချင်းလူကို ပေါက်မည်လိုမို့
ကိုယ်ကိုယိမ်းငဲ့ ဘယ်ညာခွဲ့လို့
ရှောင်မဲ့ဟန်ပြင် စိုးစိတ်ဝင်သည်
ရုက်ပင်ရုက်မိ သေးတော့သည်
လက်ရာရေးက လိုက်မမီ ။
* "တောင်တော်"ပေါ်မှ...
တွေ့ရမြင်ကွင်း နန်းမြို့တွင်းနှင့်
မြစ်မင်း "ရော" စိမ်းလဲ့ပြာလို့
ယှက်ဖြာတောင်တန်း ထုံးဖြူလွှမ်းသည်
မလွှမ်းဘယ်သူ နေလိမ့်မည်
မျှော်မှန်းဦးတည် နိဗ္ဗာန်ရည် ။
တောင်းဆုဆိုနိုင်ပါသေးသည် ။
* ဩော်...
ရွှေမန်း "တောင်တော်"...
ဖိတ်ခေါ်နေယောင် အလှဆောင်မို့...
လာလမ်းလည်းသာ မဝေးပါမို့...
လာလို့ဖူးလှည့် လည်ပါခဲ့ဟု
ရွှေညှိ့ကိုကြို စကားဆိုမည်
အပိုမပါ စိတ်ရင်းသာ ။
ရွှေမန်းမန္တလာ ရှိအတိုင်းသာ ။
ရောက်ခါသည့်ထက် ပိုမြင်မှာ ။ ။

**မြတ်ထွဏ်းနောင်**



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြို့အသီးသီးတွင် အေးချမ်းစွာဖြေဆိုလျက်ရှိ



**ညောင်ဦး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၈ရက် နံနက် ၉ နာရီမှစတင်၍ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆိုလျက်ရှိကြသည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် အတွင်းဖြေ ကျောင်းသား ၂၂၇ဦး၊ ကျောင်းသူ ၂၉၀ဦး၊ စုစုပေါင်း ၅၁၇ ဦးနှင့် အပြင်ဖြေကျောင်းသား ၁၀၇ ဦး၊ ကျောင်းသူ ၈၈ဦး၊ စုစုပေါင်း ၁၉၅ ဦး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းဖြေဆိုလျက်ရှိပြီး စာစစ်ဌာန သုံးခု ဖွင့်လှစ်၍ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**(ယာပုံ)(၄၈၁)**



**မြင်းခြံ မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ရက် နံနက် ၉နာရီမှ စတင်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

မြင်းခြံမြို့နယ်တွင် အထက-၁ (မြင်းခြံ) စာစစ်ဌာနတွင် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ၁၃၇ဦးနှင့် ကျောင်းသူ ၁၉၈ဦး၊ စုစုပေါင်း ၃၃၅ဦး၊ ဖြေဆိုသူ ကျောင်းသား ၁၁၇ဦးနှင့် ကျောင်းသူ ၁၇၇ ဦး၊ စုစုပေါင်း ၂၉၄ဦး ဖြေဆိုကာ ဖြေဆိုရန်ပျက်ကွက်သည့် ကျောင်းသား ၂၀ဦးနှင့် ကျောင်းသူ ၂၁ဦး၊ စုစုပေါင်း ၄၁ဦး ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၃၆၆)**

**တောင်ကြီး မတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ မတ် ၁၇ ရက် နံနက် ၉ နာရီမှ စတင်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

တောင်ကြီးမြို့နယ်ရှိ စာစစ်ဌာန၁၀ ခု၌ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ဖြေဆိုခဲ့ရာ ကျောင်းသား၊ ကျောင်းသူစာရင်းရှိ ကျောင်းသား ၁၄၉၄ ဦး၊ ကျောင်းသူ ၂၂၆၃ ဦး၊ စုစုပေါင်း ၃၇၅၇ဦးရှိပြီး ဖြေဆိုသူ ကျောင်းသား ၁၄၄၃ ဦး၊ ကျောင်းသူ ၂၂၁၈ ဦး၊ စုစုပေါင်း ၃၆၆၁ ဦးရှိကြောင်း၊ ထပ်တိုးဖြေဆို ကျောင်းသူ ၂ ဦး၊ စုစုပေါင်း စာဖြေသူ ၃၆၆၃ ဦးရှိကြောင်းနှင့် ပျက်ကွက်သူ ကျောင်းသား ၅၁ ဦး၊ ကျောင်းသူ ၄၅ ဦး၊ ပျက်ကွက်သူ စုစုပေါင်း ၉၆ ဦးရှိကြောင်း၊ ဖြေဆိုသူ ၉၇ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



**(ဝဲပုံ)(၃၆၈)**



**ဒက္ခိဏသီရိ မတ် ၁၈**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနနှစ်ခု၌ မတ် ၁၇ ရက် နံနက် ၉နာရီတွင် ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုခဲ့ကြသည်။

မတ် ၁၇ရက်တွင် ဖြေဆိုလျက်ရှိသော ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(မြန်မာဘာသာ)ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန နှစ်ခုတို့၌ ကျောင်းသား ၁၈၂ ဦး၊ ကျောင်းသူ ၁၈၉ ဦး၊ စုစုပေါင်း ၃၇၁ ဦး စာရင်းပေးသွင်းထားပြီး ဖြေဆိုသူကျောင်းသား ၁၇၃ဦး၊ ကျောင်းသူ ၁၈၆ ဦး၊ စုစုပေါင်း ၃၅၉ ဦးတို့ ဝင်ရောက်ဖြေဆိုကာ ပျက်ကွက်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂ဦး ရှိပြီး ရာခိုင်နှုန်းအနေဖြင့် ၉၆ ဒသမ ၇၇ ရာခိုင်နှုန်းဖြေဆိုကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပဲပုပ်(Soybean) စိုက်ပျိုးနည်း

ပဲပုပ်အား စားသောက်မှုပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်သုံးစွဲကြသည်။ ပဲပုပ်သည် အသားဓာတ်ကြွယ်ဝသည်။ ပဲပုပ်မှ ရရှိသောဆီကို ချက်ပြုတ်ရန်အတွက် သုံးနိုင်သည်။ ဟင်းသီးဟင်းရွက်ဆီ ထုတ်လုပ်ရာတွင် အရေးပါသောကြောင့် ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ကပင် ပဲအစား ဆီထွက်သီးနှံအဖြစ် သတ်မှတ်ထားသည်။ လယ်မြေပေါ်တွင် စပါးရိတ်သိမ်းပြီးနောက် ပဲပုပ်သီးနှံကို လက်ကျန်အစိုဓာတ်ဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်သည်။ ပဲပင်၏ အမြစ်များသည် လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူနိုင်သည်။ ဤထဲမှ အချို့သည် မြေဆီလွှာတွင် ကျန်ရစ်သည်။ ပဲပုပ်ကို စပါးနှင့် အလှည့်ကျ စိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါကျရောက်ခြင်းကို သီးနှံနှစ်မျိုးလုံးတွင် လျော့နည်းစေသည်။

### (၁) ရာသီဥတုလိုအပ်ချက်

ပဲပုပ်သည် နွေးပြီးစွတ်စိုသော ရာသီဥတုကို နှစ်သက်သည်။ ၂၆နှင့် ၃၂ ဒီဂရီစင်တီဂရိတ်သည် အပင်ဖြစ်ထွန်းမှု အကောင်းဆုံးဖြစ်ပြီး ၂၀ ဒီဂရီစင်တီဂရိတ်အောက်နှင့် ၄၀ ဒီဂရီစင်တီဂရိတ်အထက် အပူချိန်များသည် အပင်ဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေသည်။ မြေကြီးအပူချိန်သည် ၁၆ ဒီဂရီစင်တီဂရိတ်တွင် အညှောက်ပေါက်ရန် အကောင်းဆုံးဖြစ်ပြီး သန်စွမ်းသော အပင်ပေါက်များဖြစ်စေသည်။ မိုးရေချိန် ၂၄ လက်မနှင့် လက်မ ၆၀ အတွင်း ကောင်းစွာဖြစ်ထွန်းသည်။

### (၂) မြေအမျိုးအစားနှင့်မြေပြုပြင်ခြင်း

မြေအမျိုးမျိုးတွင် စိုက်ပျိုးနိုင်ပြီး မြေဆွေးပါဝင်မှုများသော၊ ဖွယ်သောမြေများတွင် ပိုမိုဖြစ်ထွန်းသည်။ မြေချဉ်ငန်ကိန်းအားဖြင့် ၅ ဒသမ ၅ နှင့် ၇ ဒသမ ၅အကြား ဖြစ်သည်။ မြေချဉ်ငန်ကိန်းသည် ၆-၇ ကြားရှိပါက အကောင်းဆုံးဖြစ်သည်။ မြေချဉ်ငန်ကိန်း ၇ဒသမ ၅ ထက်များသော မြေများတွင် အပင်အညှောက်ပေါက်ခြင်း ညံ့ဖျင်းမည် ဖြစ်သည်။ မြေချဉ်ငန်ကိန်း ၅ ဒသမ ၅ ထက်နည်းပါက စိုက်ခင်းအား ထုံး(မဖောက်ထုံး)ထည့်ပေးရန် လိုအပ်ပါသည်။ ရေဝပ်သောမြေများသည် အပင်ကို ဒုက္ခပေးတတ်သောကြောင့် ရေဆင်းကောင်းအောင် သေချာဆောင်ရွက်ပေးရမည်။ မြေပြင်ချိန်တွင် နွားချေး(သို့)သဘာဝမြေ ဆွေးများအား တစ်ဧကတွင် လှည်း ၁၀ စီးနှုန်း ထည့်သွင်းပေးပါ။ မြေခံအနေဖြင့် ယူရီးယား ၇ ပိဿာ (သို့) ၁၂ ကီလို၊ တီစူပါ ၁၅-၂၃ ပိဿာ (သို့) ၂၅-၃၈ ကီလို၊ ပိုတက် ၁၅ ပိဿာ (သို့) ၂၅ ကီလိုထည့်သွင်းပါ။

### (၃) စိုက်ပျိုးခြင်း

ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသော မျိုးများကို အသုံးပြုပါ။ အပင်ပေါက် ၈၅ ရာခိုင်နှုန်းအထက်ရှိသော မျိုးများကို အသုံးပြုပါ။ အခြားပဲမျိုးများကဲ့သို့ပင် တစ်ဧကစာမျိုးစေ့တစ်တင်းအား ရိုင်ဇိုဘီယမ်(ရိုင်ဇိုဘီယမ်ဂျာပွန်နီကန်)နှင့် မစိုက်ပျိုးမီ ရောနယ်ပေးရမည်။ ရိုင်ဇိုဘီယမ်ရောနယ်ထားသော မျိုးများကို အရိပ်အောက်တွင် အခြောက်ခံပါ။ ထို့နောက် တစ်ရက်အတွင်း စိုက်ပျိုးပါ။ ပဲပုပ်အား ပင်ကြား ၄ လက်မနှင့် တန်းကြား ၇ လက်မ(သို့)၁၅ လက်မ(သို့) လက်မ ၃၀ ထားကာ စိုက်ပျိုးကြသည်။ တန်းကြားအား ၇ လက်မ(သို့) ၁၅ လက်မထားပြီး စိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်း သိသာစွာ ကွာခြားခြင်း မရှိဟု သိရသည်။ အစေ့အရွယ်အစား၊ စိုက်ချိန်၊ စိုက်ပျိုးသည့်စနစ်၊ အပင်ပေါက်နှုန်းပေါ် မူတည်၍ မျိုးနှုန်းထား ကွာခြားနိုင်သည်။ ပုံမှန်အားဖြင့် တစ်ဧကစာအတွက် မျိုးစေ့ ၁၂ပြည်မှ ၁၆ ပြည်ထိ အသုံးပြုကြပါသည်။ မျိုးစေ့များကို မြေအတွင်း တစ်လက်မနှင့် ၃ လက်မကြားတွင် ချစိုက်ပါ။ ၃လက်မထက်နက်ပါက အပင်ပေါက် မကောင်းနိုင်ပါ။ ပဲပုပ်အား သက်တမ်းအလိုက် သက်လျင်မျိုး ၇၅ရက်မှ ၈၄ရက်၊ သက်လတ်မျိုး ၈၅ရက်-၉၄ရက်၊ သက်ကြီးမျိုး ၉၅ရက် အထက်ဟူ၍ သတ်မှတ်ထားသည်။ ရေဆင်း (၅)၊ ရေဆင်း (၆) နှင့် ရေဆင်း ၁၁ မျိုးများကို ဒေသအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိပါသည်။

ပဲပုပ်တွင် ရွက်ဖျန်းမြေဩဇာဖျန်းပေးပါက အထွက်နှုန်း ၁၅-၂၀ ရာခိုင်နှုန်းအထိ တိုးထွက်ပါသည်။ ရွက်ဖျန်းမြေဩဇာရည်တွင် တီစူပါနှင့် ပိုတက်(P &K)ပါဝင်မှုများသော အမျိုးအစားကို အသုံးပြုသင့်ပြီး ပန်းဖြိုင်ဖြိုင်ပွင့်သည့် အချိန်ထိ ၁၅ ရက်ခြား တစ်ကြိမ်ဖျန်းပေးပါ။ အဘယ်ကြောင့်ဆိုသော် ပဲပုပ်သည် ထိုမြေဩဇာ နှစ်မျိုးကို ကောင်းစွာ တုံ့ပြန်ပြီး အထွက်နှုန်းအားတိုးစေသည်။ ထို့အပြင် ရွက်ဖျန်းမြေဩဇာအစား ယူရီးယားနှင့် လက်ချား(ဘိုရွန်)ဖျော်ရည်ကို ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် တစ်ကြိမ်တည်း အညွှန်းပါအတိုင်း (ယူရီးယား လေးဇွန်းခွဲနှင့် လက်ချားတစ်ဇွန်းအား ရေတစ်ဂါလန်နှင့်ဖျော်ပါ) အသုံးပြုပါက ကုန်ကျစရိတ် သက်သာစေရုံသာမက အထွက်နှုန်းကိုလည်း ၂၀ မှ ၄၀ အထိ တိုးစေနိုင်ပါသည်။



### (၄) ရေသွင်းခြင်း

ပဲပုပ်သည် ပုံမှန်အားဖြင့် သီးနှံသက်တမ်း ကာလတစ်လျှောက်တွင် ရေအနည်းဆုံး ၁၆လက်မမှ ၂၂ လက်မလိုအပ်သည်။ အလွန်ခြောက်သွေ့သော အနေအထားများတွင် ရေသွင်းပေးရမည်။ အထူးသဖြင့် အပင်ပေါက်ချိန်၊ အပင်ကြီးထွားချိန်၊ အတောင့်စတင်ဖြစ်ပေါ်ချိန်၊ အစေ့အဆန်တည်သော အချိန်သည် အလွန်အရေးကြီးသည်။ တချို့ဒေသများတွင် သီးနှံသက်တမ်းတစ်လျှောက် ရေ ခြောက်ကြိမ်မှ ခုနစ် ကြိမ်အထိ သွင်းပေးရသည်။

### (၅) ပေါင်းနှိမ်နင်းခြင်း

စိုက်ပျိုးပြီး သက်တမ်း ၄၅ရက်ရသည်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ ကျရောက်တတ်သော ရောဂါများနှင့် ဖျက်ပိုးများ ၁။ ပင်စည်ထိုးယင်ကောင်၊ နံ့စုပ်ဂျပိုး၊ သီးလုံးဖောက်ပိုး ၂။ပင်ညှိုးရောဂါ၊ ခါးရိရောဂါ၊ ရွက်ပြောက်ရောဂါ၊ သံချေးရောဂါ တို့ဖြစ်သည်။

### (၆) ရိတ်သိမ်းခြင်း

ပဲပုပ်များသည် စိုက်ပျိုးသော မျိုးအပေါ်မူတည်၍ စိုက်ပျိုးပြီး ရက်ပေါင်း ၅၀-၁၄၅ အတွင်း ရင့်မှည့်ကြသည်။ အရွက်များ အဝါရောင်ပြောင်းသွားပြီး အချို့မြေသို့ကြွေကျသွားသောအခါ သီးတောင့်သည်လည်း အခြောက်မြန်လာသည်။ ရိတ်သိမ်းချိန်တွင် အစေ့အစိုဓာတ်ရာခိုင်နှုန်းသည် ၁၅ ရာခိုင်နှုန်းလောက် အနည်းဆုံးရှိသင့်သည်။ ရိတ်သိမ်းပြီး အပင်များကို တလင်းတွင် ၃-၄ကြိမ် နေလှန်းပါ။ မျိုးထားလိုပါက အစိုဓာတ် ၉-၁၀ ရာခိုင်နှုန်းကြားထားကာ သိမ်းဆည်းနိုင်ပါသည်။**အောင်မြင့်မြတ်(စိုက်ပျိုးရေးသတင်းထောက်)**

# တပေါင်းနွေဦး ထန်းခိုင်ခူးနှင့် စောင့်ရှောက်သင့်သော မြန်မာ့ထန်းတော

နွေဦးကာလဖြစ်သော တပေါင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် နောက်ဆုံးလဖြစ်သည်။ 'တ' ဟူသောအဓိပ္ပာယ်မှာ တန်း၊ ထန်း၊ ထန်းပင်ဖြစ်၍ 'ပေါင်း'ဟူသော အဓိပ္ပာယ်မှာ ချက်သည်၊ ကျိုသည် ဖြစ်သည်။ ထို့ကြောင့် 'တပေါင်းလ'၏ အဓိပ္ပာယ်မှာ ထန်းချက်သမားများ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလ ဖြစ်သည်။ အချို့က ထန်းပေါင်းလဟုလည်း ခေါ်ကြသည်။ အကြောင်းမှာ ထန်းပင်ဖိုမှရသော ညှပ်ရည်နှင့် ထန်းမပင်မှရသော သီးနှရည်တို့ကို ပေါင်းစပ်ချက်သဖြင့် ထန်းဖိုရည်နှင့် ထန်းမရည် ပေါင်းစပ်ကျိုချက်သောလဖြစ်သဖြင့် 'ထန်းပေါင်းလ'ဟု ခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလသည် ထန်းပေါင်း၊ ထပေါင်း၊ တပေါင်း ဟူ၍ သုံးမည်ရသော လတစ်လ ဖြစ်ပေသည်။

**ထန်းပင်အကြောင်း သိကောင်းစရာ**

Borassus flabellifer Linn ဟု ရုက္ခဗေဒအမည်ရသော ထန်းပင်ကို အင်္ဂလိပ်လို Palmyra palm ဟု ခေါ်ပြီး မွန်နှင့်ရှမ်းတိုင်းရင်းသားဘာသာစကားအရ Tan ဟုခေါ်သည်။ ထန်းပင်သည် မိုးရေချိန်လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုမျိုးကို နှစ်သက်ပြီး မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့သော ပူပြင်းသည့် နိုင်ငံများတွင် အများအပြား တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ရေဝပ်ရာဒေသများမှလွဲ၍ နေရာအနှံ့အပြားတွင် ပေါက်ရောက်နိုင်သည်။ အထူးသဖြင့် မြေလတ်ဒေသနှင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ပူပြင်းခြောက်သွေ့သော ဒေသများတွင် အများဆုံးတွေ့ရပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း အလေ့ကျပေါက်သော ထန်းပင်အချို့ကို တွေ့နိုင်သည်။

အဖိုပင်နှင့် အမပင်ဟူ၍ နှစ်မျိုးရှိကာ ၎င်းအပင်နှစ်မျိုးစလုံးမှ ထန်းရည်ထွက်ရှိသည်။ အမပင်များမှသီးသော ထန်းသီးများကိုသာ မျိုးအဖြစ် ရယူစိုက်ပျိုးနိုင်သည်။ နွေဦးရာသီတွင် ခုနစ်နှစ်သားအရွယ် ထန်းအဖိုပင်များမှ ထန်းနို့ခိုင်များထွက်ရှိပြီး ၎င်းတို့မှ ထန်းရည်ထွက်သည်။ အမပင်များမှာမူ ၁၀ နှစ်သားတွင် ထန်းသီးများထွက်ရှိလာပြီးနောက် ထိုအသီးညှာမှ ထန်းရည်ထွက်သည်။ ထန်းဖို၊ ထန်းမပင်များကို ရာသီအလိုက် ထန်းပင်ပြင်၍ လှီးဖြတ်ကာ ထန်းရည်ချိုများ ရယူနိုင်ပြီး ထန်းလျက်အဖြစ် ကျိုချက်လေ့ရှိသည်။ ထန်းဖိုပင်မှ ထွက်ရှိသော ထန်းရည်ကို ကြိုချက်ပါက အတန်ငယ်ညိုသော ထန်းလျက်ကိုရရှိပြီး ထန်းမပင်မှ ထွက်ရှိသော ထန်းရည်ကို ကျိုချက်ပါက အဖြူရောင်ထန်းလျက်ကို ရရှိသည်။

ထန်းပင်သည် စိုက်ပျိုးရန် ဓာတ်မြေသြဇာမလို၊ ပိုးသတ်ဆေးမလို၊ ရေပေးသွင်းရန်မလို သဘာဝအလျောက် ရှင်သန်နိုင်သော အပင်ဖြစ်သည်။ ထန်းပင်တစ်ပင်လုံးတွင် အလဟဿဖြစ်သွားသည့် ပစ္စည်းဟူ၍ မရှိ။ ကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ ထန်းပင်တစ်ဧကတွင် ပျမ်းမျှ ထန်းသီးခိုင် ၃၃၀၀ ခန့်ရှိပြီး တစ်နေ့လျှင် ထန်းရည် ၁၂ လီတာ၊ တစ်ရာသီစာ ၄၅ ရက်အတွက် လီတာ ၅၄၀ ထွက်ရှိနိုင်သည်။ ထန်းပင်သည် အစိုဓာတ်ရှိသောမြေ၌ ၁၅ နှစ်အတွင်း အရွယ်ရောက် အသုံးချနိုင်ပြီး ခြောက်သွေ့သောမြေ၌ ၂၅ နှစ်အတွင်း အရွယ်ရောက်ပြီး အသုံးချနိုင်သည်။ ပျမ်းမျှအမြင့် ပေ ၆၀ မှ ၈၀ အထိ မြင့်မားနိုင်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ ကျော်အထိ ရှင်သန်နိုင်သော အပင်မျိုးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမှုမလိုသော ထန်းပင်သည် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ရသည့် တခြားသောအပင်တို့ထက် လူသားတို့အား အကျိုးကျေးဇူးများစွာကို ဖန်တီးပေးနိုင်သည်။

**ထန်းပင်တက်ခြင်း**

ထန်းတောင်သူအများစုက ထန်းတက်သည့် ပထမဆုံးနေ့ကို စနေနေ့တွင် ပြုလုပ်ကြပြီး ထန်းမှာ စနေနံဖြစ်သဖြင့် စနေနေ့မှစ၍ ထန်းတက်ပါက ထန်းရည်အထွက်နှုန်းကောင်းသည်ဟု ရှေးရိုးစွဲအစဉ်အလာရှိကြသည်။ ထန်းတက်ရာတွင် ထန်းရာသီစတင်ချိန်မှ အစပြုကာ ထန်းတုံးသည်အထိ ထန်းဖို၊ ထန်းမ၊ သီးယဉ်ဟူ၍ သုံးမျိုးခွဲ၍ အပင်တက်ကြသည်။ ထန်းဖိုကို ပြာသို၊ တပို့တွဲလမှ စတက်ပြီး ထန်းမကို တပေါင်း၊ တန်ခူးလတွင် တက်ကြသည်။ သီးယဉ်ကို ကဆုန်လနောက်ပိုင်းမှ ဝါဆိုလကုန်ပိုင်းအထိ တက်ကြသည်။ ထန်းတက်ခြင်းလုပ်ငန်းသည် တစ်ရက်မှပျက်၍မရသော လုပ်ငန်းဖြစ်သည်။နေ့စဉ် ထန်းလှီးပေးရပြီး ရက်ကျော်သွားပါက ထန်း မထွက်တော့ပေ။ ပထမဦးစွာ ထန်းပြင်ထန်းလှီးသည်နှင့် ထန်းရည်အိုးတင်ပေးရသည်။ ထန်းတစ်ပင်လျှင် ထန်းရည်အိုး လေးလုံးမှ ခြောက်လုံးအထိ ထန်းစပေါ်မူတည်ကာ တင်ပေးရသည်။ ထန်းစတစ်ချောင်းမှ တစ်နေ့လျှင် ထန်းရည်တစ်မြူခန့် ထွက်ရှိသည်။ ထန်းကို နံနက်ပိုင်းနှင့် ညနေပိုင်း တစ်နေ့နှစ်ကြိမ် တက်ပေးရသည်။

**ထန်းတစ်ပင်လုံး အသုံးဝင်**

ထန်းပင်တစ်ပင်ဖြစ်ရန် နှစ် ၂၀ ကျော်အထိ စောင့်ရသည်။ ထန်းပင်တစ်ပင်မှ တစ်နှစ်တာကာလပတ်လုံး ထန်းရွက် ၁၀ ရွက်မှ ၁၂ ရွက်အထိ ထွက်ရှိသည်။ ထန်းသီးရင့်နှင့် ထန်းနို့ကို နွားစာကျွေးခြင်း၊ ထန်းစေ့ပျိုးထောင်ကာ ထန်းပင်မြစ်နုပျိုးထောင်ရောင်းချခြင်း၊ ထန်းလက်နှင့် ထန်းဖက်တို့အား ကုလားထိုင်၊ ထန်းလက်စားပွဲ၊ ထန်းခေါက်ဖာ ပြုလုပ်ခြင်း၊ ထန်းရွက်အား နွားတင်းကုပ်၊ ဆိတ်တင်းကုပ်နှင့် လူနေအိမ်များအတွက် အမိုးအကာ ပြုလုပ်နိုင်ခြင်း၊ ထန်းခေါင်းပိုင်းအမြစ်ဆုံနေရာကို နွားစာကျင်း ပြုလုပ်ခြင်း၊ ထန်းဖူးအား ထန်းရွက်ပုတီး၊ ၄က်ရုပ်နှင့် ကလေးကစားစရာ ပြုလုပ်ရောင်းချခြင်း၊ အနှစ်ပါသည့် ထန်းပင်များကို အိမ်ဆောက်ရာတွင် လူကြိုက်များလာခြင်း၊ ထန်းလက်များအား အိမ်ခြံစည်းရိုးကာရံခြင်း၊ ထန်းစစ်ကြောသည် မိုးရာသီမီးမွေးရလွယ်ကူခြင်းကြောင့် စုဆောင်းကြခြင်း စသည်ဖြင့် ထန်းတစ်တစ်ပင်လုံး အသုံးဝင်လှသည်။

ထို့ပြင် ထန်းပင်များကို ခွဲသားပြုလုပ်၍ အိမ်ဆောက်သူများလာခြင်း၊ မြေစိုက်တိုက်ဆောက်လုပ်ရာတွင် အတွင်းပိုင်း ဒိုင်း၊ ဆင့်၊ လျောက်၊ မြားတန်းများအဖြစ် အသုံးများလာခြင်းကြောင့် ထန်းပင်ဈေးနှုန်း တဖြည်းဖြည်း မြင့်တက်လာပြီဖြစ်သည်။ ထို့ပြင် ယာထဲ၊ ယာစပ်၊ လယ်တောစပ်များတွင် ပေါက်ရောက်နေသည့် ထန်းပင်များနှင့် ထန်းလှီးသူမရှိတော့ဘဲ ၄၅ နှစ် အထက်ရှိသော သက်တမ်းအလွန်ရင့်သော ထန်းပင်ကြီးများကို ခုတ်လှဲ၍ စားပွဲ၊ ကုလားထိုင် စသည့် အိမ်သုံးပရိဘောဂများ ပြုလုပ်နိုင်ပြီး တောင်း၊ ဆွဲခြင်း၊ ဖျာ စသည့် လူ့အသုံးအဆောင်ပစ္စည်းများကိုလည်း ပြုလုပ်ကြသည်။ ထို့ကြောင့် ထန်းပင်သည် လူတို့အတွက် အကောင်းဆုံး အဖော်မွန်ဖြစ်သကဲ့သို့ ကျေးငှက်မျိုးစုံတို့အတွက်လည်း အကောင်းဆုံး ခိုလှုံရာ ဖြစ်ပေသည်။

**ထန်းသီး၊ ထန်းရည်နှင့် စားဖွယ်စုံ**

မြန်မာ့ထန်းပင်များသည် အာဟာရရလဒ်များအရ အချိုဓာတ်ပါဝင်မှု အများဆုံးဖြစ်ကြောင်း သိရသည်။ ထန်းရည်နှင့် ထန်းသီးတွင် အာဟာရတန်ဖိုး မြင့်မားစွာပါရှိပြီး ဆီးရောဂါအပါအဝင် သည်းခြေ၊ ပန်းနာ၊ သွေးအန်ခြင်း၊ သွေးပေါင်ကျခြင်း၊ အနာပေါက်ခြင်းအမျိုးမျိုးနှင့် ကိုယ်တွင်းကိုယ်ပ အနာများ၊ အရေပြားရောဂါ၊ အဆုတ်နှင့်ပတ်သက်သောရောဂါများ၊ လည်ချောင်းနာရောဂါများကိုလည်း သက်သာပျောက်ကင်းစေသည်။ အထူးသဖြင့် ထန်းရည်ချိုက ကိုယ်တွင်းအပူငြိမ်းစေသဖြင့် နွေရာသီဓာတ်စာအဖြစ် ဆေးဖက်ဝင်လှသည်။

စားသောက်ကုန်အနေဖြင့် ထန်းသီး၊ ထန်းရည်မှ ထန်းလျက်၊ ကြာရှည်ခံထန်းရည်၊ ရှာလကာရည်၊ ဝိုင်၊ အရက်ဆီ၊ ထန်းသီးနှမှ ထန်းသီး၊ ထန်းသီးယို၊ ထန်းသီးအမှည့်မှ ဖျော်ရည်၊ ပူတင်း၊ ဂျယ်လီနှင့် မုန့်အမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်သည်။ တာရှည်ခံ ထန်းရည်အဖြစ် ထုတ်လုပ်နိုင်ရန် နံနက်ပိုင်းထွက်ရှိသော ထန်းရည်ကို ခံယူပြီးနောက် သန့်ရှင်းစွာဆေးကြော၍ ပိုးသတ်ထားသော မြူအိုး(သို့မဟုတ်)ပလတ်စတစ်ဘူးများဖြင့် အနည်မပါအောင် စစ်ယူကာ အပူချိန် ၁၂၀ ဒီဂရီတွင် ငါးမိနစ်ခန့် အပူပေးပြီး ပိုးသတ်ထားသော ပုလင်းများတွင်ထည့်၍ လေလုံအောင်ပိတ်ထားခြင်းဖြင့် နှစ်ပေါက်အောင် ထားရှိနိုင်ပါသည်။ ဤသို့ ပြုပြင်ထိန်းသိမ်းပေးခြင်းဖြင့် မူလအတိုင်း အနံ့၊ အရသာမပျက် ကြာရှည်ခံ ထန်းရည်ချိုကို ရရှိပြီး အခြားသော သဘာဝသစ်သီးဖျော်ရည်များနှင့် ရောနှော၍လည်း ဖျော်ရည်အဖြစ် ပြုလုပ်နိုင်သည်။

မှတ်တမ်းများအရ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်းလောက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်မှာ ထန်းရည်မှ ဓာတုမပါသော သကြားထုတ်လုပ်မှု အောင်မြင်ခဲ့သည်။ထန်းရည်ဖြင့် ထုတ်လုပ်သော သကြားအရောင်မှာ အညိုရောင်မဟုတ်ပေ။ ထန်းလျက်ခဲများကို ချင်းထန်းလျက်ခဲ၊ ဒိန်ချဉ်ထန်းလျက်ခဲ၊ မန်ကျည်းသီးထန်းလျက်ခဲ၊ ဆီးမှုန့်ထန်းလျက်ခဲအဖြစ် နည်းပညာအသစ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။ ထန်းတောတွင်နေထိုင်သူများ လူနေမှုဘဝမြှင့်တင်ရန်အတွက် အရည်အသွေးမြင့် သကြားနှင့် ထန်းလျက်ခဲ အရသာမျိုးစုံတို့ကိုလည်း ပြည်ပသို့တင်ပို့ ရောင်းချနေပြီ ဖြစ်သည်။

**မြန်မာ့စီးပွားရေးအနာဂတ်နှင့် ထန်းပင်**

မြန်မာနိုင်ငံ၏ အပူပိုင်းဇုန် အညာဒေသဖြစ်သော ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါ့သရောက်၊ ရေစကြိုမြို့များတွင် ထန်းပင်များကို တွေ့မြင်နိုင်သည်။ ၎င်းဒေသများအနက် ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့နယ်ဝန်းကျင်တွင် ထန်းပင် အမြောက်အမြား ပေါက်ရောက်သည့်ဒေသဖြစ်ကာ တစ်နယ်လုံး ထန်းပင်၊ ထန်းတောများဖြင့် လွှမ်းခြုံလျက်ရှိသည်။ သို့သော် ထန်းတက်လုပ်သား ရှားပါးလာခြင်း၊ ထန်းပင်ကြီးများ မြင့်မားလာကာ ထန်းပင်ပေါ်သို့ လူမတက်နိုင်တော့ခြင်း၊ နယ်ခံအမျိုးသားများ ပြည်ပနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြခြင်း၊ လုပ်သားရှားပါးခြင်း၊ အိမ်ရှိလူကုန် မိုးလင်းမှ မိုးချုပ်သည်အထိ တရစပ် အလုပ်လုပ်ရသော်လည်း ခံစားရရှိသည့် အကျိုးအမြတ် လွန်စွာနည်းပါးခြင်း၊ ထန်းရာသီအတောအတွင်းသာ အလုပ်အကိုင်ရရှိပြီး ကျန်ရာသီများတွင် အလုပ်အကိုင်မရှိဖြစ်နေခြင်း စသည်တို့ကြောင့် ထန်းပင်ကို အားထား၍ အသက်မွေးဝမ်းကျောင်းပြုရသည်မှာ တစ်နေ့တခြား ခက်ခဲလာသည်။ ရှေးယခင်ကလောက် ထန်းပင်ဖြင့် စီးပွားဖြစ်မလုပ်ကြတော့ဘဲ လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရန်အတွက်သာ ထန်းပင်များကို ခုတ်လှဲ၍ ရောင်းသူ၊ဝယ်သူများက စိတ်ကြိုက်ဈေးဖြင့် ရောင်းဝယ်ကြသည်။

စင်စစ်တွင် ထန်းပင်မှ ထွက်ရှိသော ထန်းအသုံးအဆောင်ပစ္စည်းများသည် လူသားတို့အတွက် စားစရာ၊ နေစရာ၊ အသုံးအဆောင်ပစ္စည်းများ ရရှိနိုင်ခြင်း၊ မိုးခေါင်ရေရှားသော အညာဒေသအတွက် အထူးသဖြင့် နွေရာသီတွင် ထန်းသီးများကို နွားစာအဖြစ် ကျွေးမွေးနိုင်ခြင်း၊ ထန်းတောကြီးများ ထူထပ်စွာရှိနေခြင်းက ရေမြေသဘာဝရာသီဥတုကို အထိုက်အလျောက် ထိန်းညှိပေးနိုင်ခြင်း၊ ထို့ပြင် ထန်းပင်၊ ထန်းတောများသည် မြန်မာနိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာ ဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်မှုရှိသည့် မြန်မာ့အလှဖြစ်ကာ ထန်းပင်မှ ကောင်းကျိုးများစွာရရှိနိုင်သည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း ထန်းပင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အညာဒေသမှ ထန်းပင်ရှင်၊ ထန်းတောင်သူ သုံးသိန်းခန့်နှင့် ၎င်းတို့ကို မှီခိုနေသည့် မိသားစုအများအပြားရှိရာ ထန်းပင်နှင့် ထန်းတောများထိန်းသိမ်းရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်နေပါသည်။

သို့ပါ၍ မြန်မာ့ထန်းတောင်သူများအနေဖြင့် ထန်းပင်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထန်းထုတ်ကုန်များ ဈေးကွက်မျှော်မှန်းပြီး တိုးချဲ့စိုက်ပျိုးပေးကြပါရန်နှင့် ခုတ်လှဲရောင်းချခြင်း မပြုကြပါရန် မေတ္တာရပ်ခံလိုပါသည်။ ထိုနည်းတူစွာပင် အစိုးရနှင့် ပုဂ္ဂလိကဌာနဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ အနေဖြင့်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထန်းပင်အသစ်များစိုက်ပျိုးခြင်း၊ ထန်းသားမှ ကုန်ချောထုတ်လုပ်ခြင်းနှင့် ထန်းရည်မှ ထန်းလျက်ထုတ်လုပ်မှုတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးအတွက် ကူညီပံ့ပိုးခြင်း၊ ထန်းတောများရေရှည်တည်တံ့ရေးအတွက် ဥပဒေတစ်ရပ်ရပ်ဖြင့် အကာအကွယ်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်သင့်ပါသည်။ သို့မှသာ ထန်းပင်၊ထန်းတောများ ထိန်းသိမ်းရေးနှင့် ထန်းတောင်သူများဘဝ တိုးတက်မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

'တပေါင်းနွေဦး ထန်းခိုင်ခူး'သော ကာလဖြစ်သည့်အားလျော်စွာ တပေါင်းလရာသီအတွက် ဤဆောင်းပါးလေးဖြင့် စာရေးသူက မှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

**စေတနာများစွာ ......**

တင်ထက်ထက်ဇော်

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Jin @ Kim Seok Jin ကို ယဉ်ကျေး၍ ပျော်ရွှင်တတ်သူအဖြစ် ချီးကျူးထားကြ



BTS အဖွဲ့ဝင် Jin (ခေါ်) Kim Seok Jin ကို Lee Mujin Service Show တွင် ယဉ်ကျေးပျူငှာ၍ ပျော်ရွှင်စွာ နေတတ်သော ကိုလူချောအဖြစ် ချီးကျူးထားကြပြီး ပရိသတ် အားပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

BTS ပရိသတ်မဟုတ်သူများကပင် အဆိုပါ Show ၌ Jin ကို စိတ်ဝင်စားခဲ့ကြပြီး ဆွဲဆောင်မှုရှိပြီး အေးချမ်းသော မျက်နှာပိုင်ရှင်၊ ယဉ်ကျေးပျူငှာ၍ ပျော်ရွှင်တတ်သူအဖြစ် မြင်ရ၍ Run BTS နှင့် Jin ပါဝင်သော Running Man ကို ကြည့်ရှုအားပေးထားသည်။

ကမ္ဘာကျော် အနုပညာရှင်တစ်ဦးဖြစ်သော်လည်း ဟိတ်ဟန်မရှိဘဲ ပေါ့ပေါ့ပါးပါးစကားပြောနေသည်မှာ အိမ်နီးချင်းအစ်ကိုကြီးနှင့်တူ၍ ချောမောလှပမှုတွင် ကြွေဆင်းခဲ့ရ၍ BTS အမာခံပရိသတ်များ ပိုမိုတိုးတက်လာအောင် စွမ်းဆောင်နိုင်ခဲ့သည်ဟု ပရိသတ်များ မှတ်ချက်ပေးထားသည်။ (SKY)

## Grammy သုံးဆုနှင့် Latin Grammy (၁၅)ဆုကို ကမ္ဘာကျော်အဆိုတော် Shakira ပိုင်ဆိုင်ထား



ကမ္ဘာကျော်အဆိုတော် ရှာကီယာသည် ငယ်စဉ်က သူ့အသံကြောင့် အနိမ်ခံခဲ့ရရာမှ လက်ရှိတွင် ဂရမ်မီသုံးဆုနှင့် လက်တင်ဂရမ်မီတစ်ဆယ့်ငါးဆု ပိုင်ဆိုင်ထားကာ Queen Of Fifa Theme Song ကိုလံဘီယာ အနုပညာရှင်ဟု ကျော်ကြားနေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှာကီယာ အထက်တန်းကျောင်းတက်စဉ်က Choir သီချင်းဆိုအဖွဲ့တွင် ပါဝင်ခွင့်မရခဲ့ဘဲ ဝင်ချင်ကြောင်း ခွင့်တောင်းရာ ဂီတဆရာမက သူ့အသံနှင့် တစ်သက်လုံးအဆိုတော်မဖြစ်နိုင်၊ ဆိတ်သံကြီးနှင့်ဆိုနေ၍ ဝင်ခွင့်မပေးနိုင်ဟု နှိမ့်ချစွာ ပြောဆိုခံခဲ့ရသည်။

ရှာကီယာသည် ၁၉၉၁ ခုနှစ်တွင် ပွဲဦးထွက်ခဲ့ပြီး လက်ရှိအချိန်အထိ ဂရမ်မီသုံးဆု၊ လက်တင်ဂရမ်မီ ၁၅ဆုရရှိပြီး ရောင်းအားစံချိန် သန်းတစ်ရာကျော်နေကာ ဖီဘာဘောလုံးဖွင့်ပွဲသီချင်းရှင်၊ ကိုလံဘီယာအနုပညာရှင်အဖြစ် ကမ္ဘာကျော်နေသည်။ (SKY)

## TXT(Tomorrow X Together) ၏ Music Story ထွက်ရှိ

အဖွဲ့ဝင်ငါးဦးနှင့် BigHit Entertainment မှ ဖွဲ့စည်းထားသည့် မျိုးဆက်သစ် အမျိုးသား K Pop အဖွဲ့ TXT ၏ Music Story ထွက်ရှိလာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

TXT ၏ ဂီတဖန်တီးမှုများမှာ စွမ်းအားပြင်းသဖြင့် လက်ရှိခေတ်စားနေသည့် ဒစ္စကို (Disco)၊ အင်ဒိုက်ရော့(Indie Rock) အပြင် Indie alternative rock ဖြစ်သည့် Shoegaze တို့မှာ ကမ္ဘာ့ဘီလ်ဘုတ်အယ်လ်ဘမ်ချပ်များတွင် စာရင်းဝင်ခဲ့ပြီး အမေရိကန်နိုင်ငံ၏ အကြီးဆုံးပွဲတော် Lollapollza Festival တွင် ပထမဆုံး ပါဝင်ခွင့်ရခဲ့သည်။

TXT ၏ ဂီတများကို နားဆင်နိုင်ရန်အတွက် MI Radio ၏ Music Story တွင် စောင့်မျှော်နားဆင်နိုင်ရန် စီစဉ်ထားပြီး ထွက်ရှိလာ၍ ပရိသတ်များ အားပေးမဆုံး ဖြစ်ခဲ့ကြသည်။

(SKY)

0 - 0 - 0 - 0 - 0




## Manoj Bajpayee က သူငယ်ချင်းဖြစ်သူကို သတိရနေ

ဘောလိဝုဒ် အနုပညာရှင် Manoj Bajpayee က လတ်တလောအင်တာဗျူးတစ်ခုတွင် သူငယ်ချင်းဖြစ်သူ Su Shant Singh Rajput ကို သတိတရရှိနေကြောင်း ပြောကြားသွားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Manoj Bajpayee နှင့် Su Shant Singh Rajput တို့နှစ်ဦး Sonchiriya ဇာတ်ကားတွင် အတူပါဝင်၍ ခင်မင်ခဲ့ကြရာမှ ၂၀၂၀ပြည့်နှစ်တွင် Su Shant Singh Rajput ရုတ်တရက် ကွယ်လွန်သွား၍ စိတ်ဒဏ်ရာရရှိခဲ့ကြောင်း အင်တာဗျူးတွင် ပြောကြားခဲ့သည်။

Manoj Bajpayee က ဆက်လက်၍ သူတို့နှစ်ဦး အနုပညာလောကအကြောင်း ပြောကြားကြရာတွင် အရေထူရန်လိုကြောင်း၊ ငြင်းပယ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရ၍ ကျင့်သားရနေပြီဖြစ်သော်လည်း သူငယ်ချင်း ဒဏ်မခံနိုင်မည်ကို စိုးရိမ်ကြောင်း၊ ရုတ်တရက် ကွယ်လွန်သွားမှုကို မည်သူမျှမသိကြဘဲ မှန်းဆမှုသာရှိကြောင်း၊ စိတ်တိုတတ်သူမဟုတ်ဘဲ စာဖတ်သူတစ်ဦးဖြစ်ကာ ယခုအထိ သတိတရရှိနေကြောင်း ပြောကြားခဲ့သည်။

(SKY)



## ရုပ်ရှင်ဘုရင်မလေး Zhou Dongyu က Wang Yibo ကို ချီးကျူးစကား ပြောကြားထား

တရုတ်ရုပ်ရှင်ဘုရင်မလေး Zhou Dongyu သည် CREA ဂျပန် မဂ္ဂဇင်းအင်တာဗျူးတွင် Wang Yibo နှင့်ပတ်သက်၍ ချီးကျူးစကားပြောကြားထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ CREA ဂျပန် မဂ္ဂဇင်းနှင့်အင်တာဗျူးတွင် Zhou Dongyu က Wang Yibo နှင့် အတူ ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသကဲ့သို့ သီချင်းလည်း အတူဆို၍ အလုပ်အတူလုပ်ခဲ့ဖူးကြောင်း၊ Wang Yibo မှာ နှိမ့်ချတတ်ပြီး လေးနက်သော ယဉ်ကျေးမှုရှိကာ လူကြီးလူကောင်းပီသသူဖြစ်သည်ဟု ချီးကျူးစကား ပြောကြားထားသည်။ (SKY)



## ကော်ဖီနှင့် လက်ဖက်ရည်သောက်သုံးသူများတွင် ကင်ဆာအချို့ ဖြစ်ပွားနိုင်ခြေလျော့နည်း

ယခင်လေ့လာမှုများကို မှတ်တမ်းတင်ထားသော ခွဲခြမ်းစိတ်ဖြာချက်အရ ကော်ဖီနှင့် လက်ဖက်ရည်သောက်သုံးသူများတွင် ကင်ဆာအချို့ ဖြစ်ပွားနိုင်ခြေလျော့နည်းသည်ဟု ဖော်ပြထားသည်။

လက်ရှိတွင် လေ့လာမှုပေါင်း ၁၀ ခုကျော်မှရရှိသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာချက်အရ၊ ကော်ဖီနှင့် လက်ဖက်ရည်သောက်သုံးခြင်းသည် ဦးခေါင်းနှင့် လည်ပင်းကင်ဆာ၊ ပါးစပ်နှင့် လည်ချောင်းကင်ဆာများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်သည်ဟု ဆိုသည်။

ဦးခေါင်းနှင့် လည်ပင်းကင်ဆာသည် ကမ္ဘာတစ်ဝန်းတွင် ခုနစ်ခုမြောက် အဖြစ်များဆုံး ကင်ဆာဖြစ်ပြီး ဝင်ငွေနည်းပြီး အလယ်အလတ်တန်းစားနိုင်ငံများတွင် ဖြစ်ပွားနှုန်း မြင့်တက်လျက်ရှိရာ ယခင်က ကော်ဖီနှင့် လက်ဖက်သောက်သုံးခြင်းနှင့် ကင်ဆာဖြစ်ပွားနိုင်ခြေအကြား ဆက်နွယ်မှုကို လေ့လာခဲ့သော်လည်း ရလဒ်များမှာ ကွဲပြားခြားနားခဲ့သည်။

ထိုခြားနားမှုကို ရှင်းလင်းစေရန် ယူတာတက္ကသိုလ် ဟန့်စ်မန်းကင်ဆာအဖွဲ့အစည်းမှ သုတေသီများသည် ယခင်သိပ္ပံပညာရှင်များ ပြုလုပ်ခဲ့သော လေ့လာမှု ၁၄ ခုမှ ရရှိသော အချက်အလက်များကို ထပ်မံခွဲခြမ်းစိတ်ဖြာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## G Dragon က Perfection နှင့် Completion ကို အင်တာဗျူးတွင် ဖြေကြားထား



အင်တာဗျူးတစ်ခုတွင် ဂျီဒရယ်ဂွန်ကို Perfection နှင့် Completion နှစ်ခုအနက် မည်သည်ကို ပိုတန်ဖိုးထားသလဲဆိုသော မေးခွန်းကို ဖြေကြားပေးခဲ့ရာ ပရိသတ်လေးစားခံခဲ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ခက်ခဲသော မေးခွန်းကို ဂျီဒရယ်ဂွန်က တစ်ထိုင်တည်း ဖြေကြားခဲ့ရာ စကားလုံးတစ်လုံးချင်းစီတိုင်း လေးနက်နေကာ လူတစ်ဦးနှင့်တစ်ဦး စံနှုန်းချင်း မတူကြ၍ Perfection ပြီး ပြည့်စုံမှုနောက်လိုက်လျှင် Completion ပြီးမြောက်မှုမဖြစ်နိုင်၊ ပြီးမြောက်ရန်အတွက် အလုံးစုံ ပြီးပြည့်စုံသည်မှာ မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဂျီဒရယ်ဂွန်က Perfection ပြီးပြည့်စုံမှုတွင် ပုံသေသတ်မှတ်ခြင်းမရှိဘဲ စာမေးပွဲတွင် ဤကဲ့သို့မေးခွန်းကို အဖြေပုံသေဆိုသည်မှာ မရှိကြောင်းပြောကြားသွား၍ ပရိသတ်လေးစားမဆုံး ဖြစ်နေကြသည်။(SKY)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွတ်ိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို ...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄)သို့တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား International Buddhist Confederation (IBC)မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Buddhist Confederation (IBC) အထွေထွေအတွင်းရေးမှူး Ven.Shartse Khensur Rinpoche Jangchup Choeden နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗုဒ္ဓသာသနာထွန်းကားသည့်နိုင်ငံငါးနိုင်ငံသာမက ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ပါဠိဘာသာပြန့်ပွားရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာကဏ္ဍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်နှင့်အညီ နေထိုင်သွားရေး၊ နှစ်နိုင်ငံ မီဒီယာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် International Buddhist Confederation(IBC) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ပြုလုပ်မည့် "Nepal-Myanmar Partnership in Digital Transformation Program" ဆိုင်ရာ ကိစ္စရပ်များ၊ နီပေါနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၌ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းဆောင်တာများ စနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် ထိရောက်စွာအသုံးချဆောင်ရွက်နိုင်မှု၊ စက်မှုဇုန်များ၌ လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် ဘဏ်လုပ်ငန်းစနစ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံတွင်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလိုသည့် အခြေအနေများ၊ စက်မှုဝန်ကြီးဌာန အနေဖြင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများအတွက် လိုအပ်သော ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာများကို ထိရောက်စွာ ဖြန့်ဝေပေးနိုင်မှု၊ ဝန်ထမ်းများ အတွက်လည်း ဒစ်ဂျစ်တယ်အသုံးပြုမှု အသိပညာများ တိုးမြှင့်ရရှိနိုင်ရေးဆောင်ရွက်ပေးနေမှု၊ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်နေမှု၊ Digital Tools အသုံးပြု၍ လုပ်ငန်းအချက်အလက် စီမံခန့်ခွဲနိုင်မှုနှင့် ငွေကြေးစီမံခန့်ခွဲနိုင်စေရန် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးကဏ္ဍတွင် နီပေါနိုင်ငံနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကိုရင်းရင်းနှီးနှီးအမြင်ချင်း ဖလှယ်ဆွေးနွေးသည်။ ထို့နောက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (၁၊၂၊၃၊၄၊၆၊၇) စက်မှုဇုန်၌ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ လှိုင်သာယာ(၁၊၂၊ ၃၊ ၄၊ ၆၊ ၇) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်